၂၇၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၃ ရက်၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၈)၊ အမှတ်(၆၁)

တပေါစ ဧတံ မင်္ဂလမုတ္တမံ

ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ထောတကောရေခဲတောင် အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည့် လူငယ်များအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၉

ကချင်ပြည်နယ် ပူတာအိုခရိုင်ရှိ ၁၉၁၄၆ ပေမြင့်သော ထောတကော ရေခဲတောင်ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသည့် မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့မှ အဖွဲ့ဝင်လူငယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာခင်မောင်က ထောတကော ရေခဲတောင်ကို တက်ရောက်ရာတွင် *စာမျက်နှာ ၃ ကော်လံ ၁* ●

မြိတ် မြို့သစ်သွားလမ်း မြိတ်-ထားဝယ် ကားလမ်းကို စက်ယန္တရားများဖြင့် ဤသို့ တိုးချဲ့ဖော်ထုတ်လျက်ရှိသည်။
(မြန်မာ့အလင်း)

ရေထွက်ပစ္စည်းများ တင်ပို့ရေး အထောက်အကူပြုမည့် မြိတ်ဆိပ်ကမ်းမြို့သစ်ကြီး တည်ဆောက်နေ

➤ သတင်းခရီးသည် - မြင့်မောင်စိုး
➤ ဓာတ်ပုံမှတ်တမ်း -အောင်သန်း(မင်္ဂလာတောင်ညွန့်) ➤ စာမျက်နှာဖွဲ့စည်းမှု -ဟန်စိုး

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာ့အလင်းသတင်းအဖွဲ့ မကြာမီက တနင်္သာရီတိုင်း၏ ဒေသဖွံ့ဖြိုးရေး သတင်းဆောင်းပါးများရေးသားရန် မြိတ်မြို့သို့ရောက်ရှိခဲ့ရာ မြိတ်မြို့သစ် အကောင်အထည်ဖော် တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့လည်း သွားရောက်လေ့လာခဲ့ကြသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ✻

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စပါးစိုက်တောင်သူများ ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေ ပြည်ပသို့တင်ပို့မည့် ဝယ်လက်များကလည်း အသင့်ရှိနေ

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း (လမ်းမတော်)
စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး

ရေတာရှည်မြို့နယ် နတ်တောင်ကွင်းရှိ လယ်ကွက်များအတွင်း ကုန်သည်များက စပါးများ လာရောက်ဝယ်ယူနေသည်ကို ဤသို့တွေ့ရသည်။
(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၉

တောင်ငူမြို့မှ နံနက်စောစောထွက်လာခဲ့သည်။ ရာသီဥတုက ချမ်းစိမ့်စိမ့်ရှိနေရာ ကားလေတိုးမှုကြောင့် တစ်ကိုယ်လုံးအေးစက်နေသည်။ နံနက် ၆ နာရီဆိုသော်လည်း တောင်ငူမြို့သားများကား လုပ်ငန်းခွင်များအတွင်း လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

ကားပေါ်တွင်လိုက်ပါလာသည့် ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးကျော်သန်း၊ ပဲခူးတိုင်း ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှူး ဦးဇော်မင်းနှင့် တောင်ငူခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခရိုင်မန်နေဂျာ ဦးသက်ဇင်မောင်တို့က စပါးစိုက်ပျိုးမှု တိုးချဲ့ဧကများ၊ ဆီထွက်သီးနှံများအကြောင်းနှင့် ပဲခူးတိုင်းအတွင်း ရေ၊ မြေ၊ ရာသီဥတုအခြေအနေများကို ပြောပြကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်)

စာပေသည်နိုင်ငံနှင့်လူမျိုးဂုဏ်မြှင့်တင်ရေး ထက်မြက်သည့်စွမ်းအားဖြစ် မြန်မာစာပေလောက ဖွံ့ဖြိုးရှင်သန်ရေး အားပေးချီးမြှောက်နေ

မြန်မာ့ ၁၂ လရာသီတွင် နတ်တော်လသည် စာဆိုလဖြစ်သည်။ သက်ကြီးစာပေပညာရှင်များ၊ စာပေပညာရှင်ကြီးများအား ဂုဏ်ပြုသောလလည်း ဖြစ်သည်။

ယင်းသို့ ဂုဏ်ပြုရာ၌ ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၇ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသောစာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို နိုဝင်ဘာ ၂၇ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာစာပေ၏ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွင် အစဉ်အလာကောင်း၊ အမွေခံကောင်းများကို ထိန်းသိမ်းမြှင့်တင်ရင်း ဂန္ထဝင်မြောက် စာကောင်းပေမွန်များ၊ တန်းဝင်သည့် စာပေလက်ရာများ၊ နိုင်ငံနှင့်လူမျိုး အကျိုးဖြစ်ထွန်းစေမည့် သုတ၊ ရသ စာအုပ်စာတမ်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းနေမှုသည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာပင် ဖြစ်သည်။

၂၀၀၇ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများမှာ ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ သုတပဒေသာ(ဝိဇ္ဇာ)၊သုတပဒေသာ(အသုံးချသိပ္ပံ) စာပဒေသာဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုများ၊ ကလေးစာပေဆု၊ လူငယ်စာပေဆု၊ ဘာသာပြန်(ရသ) စာပေဆုနှင့် ဘာသာပြန်(သုတ)စာပေဆုများ ပါဝင်သည်။

စာပေသည် အသိအလိမ္မာ၊ဉာဏ်ပညာ တိုးတက်မြင့်မားရေးအတွက် မီးရှူးတန်ဆောင်ဖြစ်သည်။ လူမျိုးတစ်မျိုး၏ အသက်ဝိညာဉ်ဟုလည်း ဆိုနိုင်ပြီး တိုင်းပြည်၏ဂုဏ်ဒြပ်လည်း ဖြစ်ပေသည်။

မြန်မာစာပေ၏ ကျေးဇူးကြောင့် မြန်မာတိုင်းရင်းသားတို့သည် စိတ်နေစိတ်ထား နူးညံ့သိမ်မွေ့ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ ထောက်ထားညှာတာ စာနာတတ်ခြင်း၊ အချင်းချင်း ရိုင်းပင်းကူညီခြင်း၊ စုစည်းညီညွတ်ခြင်း စသည့်ကောင်းမြတ်သော စရိုက်လက္ခဏာများနှင့် ပြည့်စုံနေပေသည်။

ဤသို့ကောင်းမြတ်သည့် ရိုးရာအစဉ်အလာများကို သစ်လွင်သည့် ခေတ်အမြင်ဖြင့် မြှင့်တင်ပေးနိုင်ရန်မှာ မျက်မှောက်ခေတ် စာပေပညာရှင်များ၏ သမိုင်းပေးတာဝန်ပင် ဖြစ်သည်။ သို့ဖြစ်ပေရာ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ရာတွင် စာပေနှင့်ယဉ်ကျေးမှု၏ ကြီးမားသည့်အခန်းကဏ္ဍနှင့် ထက်မြက်သည့်စွမ်းအားကို အမျိုးသားရေးအတွက် အကျိုးရှိရှိ ထိရောက်စွာအသုံးချသွားကြရမည်ဖြစ်ပါကြောင်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၃၀-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး အပိုင်း(၂)**
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အိုင်းရစ်ပန်းနှင့်ငယ်သံယောဇဉ်**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀ ၅။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၄း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ ၈။ သံစဉ်များနဲ့ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့် ပညာရှင်များ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၂၈)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး**(အပိုင်း-၁၁)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၄နာရီခွဲက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ ယာဉ်စည်းကမ်း/ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်း ဥက္ကဋ္ဌများက တက္ကသိုလ် ကြို/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေဗိမာန်စာမူဆုရ စာအုပ်များဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန်စာမူဆုရ စာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

ရေးသား

အဆိုပါ စာအုပ်များမှာ မောင်ဆန္ဒ(လယ်ဝေး)ရေးသားသည့် ရောင်ခြည်လင်းချိန် ပန်းသင်းချိန်စာအုပ်၊ အဏ္ဏဝါနေမင်းသိုက် ရေးသားသည့် အလွမ်းခေါ်၍ ကောင်းကင်မျှော်သူများ စာအုပ်၊ မြို့မမြင့်ကြွယ်ရေးသားသည့် မြန်မာ့ယဉ်ကျေးမှု အထူးမှတ်သားဖွယ်ရာနှင့် လူငယ်ရေးရာမှတ်စုများစာအုပ်၊ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)ရေးသားသည့် နွယ်မြစ်သစ်ပင်ဆေးဖက်ဝင်စာအုပ်၊ တင်လင်းဖော် ရေးသားသည့် မြမြက်ခင်းနှင့် နှင်းပုလဲစာအုပ်၊ ဇင်မင်း(သမိန်ထော)ရေးသားသည့် အဖေအမေတို့ သားတို့သမီးတို့စာအုပ်နှင့် ကျွန်းစဉ်မြေစောခက် ရေးသားသည့် ကုသိုလ်အရောင်ဆိုးပေးပါစာအုပ်တို့ ဖြစ်သည်။

ဝယ်ယူရရှိနိုင်

အဆိုပါ စာအုပ်များကို နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ ဘွဲ့ရကျောင်းသား ကျောင်းသူများ တတိယအကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

၁၉၇၄-၇၈ခုနှစ် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ ဘွဲ့ရကျောင်းသား ကျောင်းသူများ၏ တတိယအကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲနှင့် နှစ်(၃၀)ပြည့် ပုလဲရတု မိတ်ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးလှသိန်း ဖုန်း-၀၉-၅၀-၁၃၄၆၉၊ ၂၂၄၄၀၀၊ ၂၁၅၄၅၆၊ ဦးကျော်မိုးစိန် ဖုန်း-၀၉-၉၉-၂၅၆၀၃၊ ၆၅၀၅၇၉၊ ၂၅၀၃၄၇၊ ဦးလှမောင်ရွှေ ဖုန်း-၀၉-၅၁-၄၇၉၇၄၊ ၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ဦးထွဋ်ထွဋ် ဖုန်း-၀၉-၈၀-၂၁၃၄၀၊ ၂၉၃၃၆၆၊ ဦးအောင်သူမြိုင် ဖုန်း-၀၉-၈၀-၂၀၂၉၉၊ ဒေါ်နွေနွေအောင် ဖုန်း-၀၉-၅၁-၁၃၂၄၃၊ ၂၂၅၅၀၂၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၉-၉၉-၂၃၂၄၇၊ ၂၅၆၉၈၉၊ ၃၈၄၈၉၂၊ ၃၈၄၈၉၃၊ ဒေါ်မေအေးမြင့် ဖုန်း-၆၆၀၂၆၈၊ ၆၆၃၆၇၃နှင့် ဒေါ်သန်းသန်းနွယ် ဖုန်း-၀၉-၅၁-၂၄၁၆၀၊ ၆၆၀၅၉၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်များ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ အထူးဈေးရောင်းပွဲတော်များကို ဖွင့်လှစ်လျက်ရှိရာ မကွေးတိုင်း တောင်တွင်းကြီးမြို့၌ ဒီဇင်ဘာ ၁ရက်မှ ၇ရက်အထိ၊ စစ်ကိုင်းတိုင်း မြင်းမူမြို့၌ ဒီဇင်ဘာ ၃ရက်မှ ၉ရက်အထိ၊ မန္တလေးတိုင်း အမရပူရမြို့နယ်၌ ဒီဇင်ဘာ ၄ရက်မှ ၁၀ရက်အထိ၊ ရှမ်းပြည်နယ် အောင်ပန်းမြို့၌ ဒီဇင်ဘာ၅ရက်မှ ၁၁ရက်အထိ၊ စစ်ကိုင်းတိုင်း အရာတော်မြို့၌ ဒီဇင်ဘာ ၆ရက်မှ ၁၂ရက်အထိ၊ ကချင်ပြည်နယ် မိုးကောင်းမြို့၌ ဒီဇင်ဘာ ၇ရက်မှ ၁၃ရက်အထိနှင့် မကွေးတိုင်း နတ်မောက်မြို့၌ ဒီဇင်ဘာ ၇ရက်မှ ၁၃ရက်အထိ ကျင်းပရန်စီစဉ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နဝမအကြိမ် မြန်မာနိုင်ငံ တိုင်းရင်းဆေးသမားတော်များညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်း(ဗဟို)သို့ ရန်ပုံငွေပေးအပ်ပွဲကို နိုဝင်ဘာ ၂၇ရက်က ဗဟိုအသင်းခန်းမ၌ကျင်းပရာ မုံရွာဆရာမိုး-(ဒေါ်သိန်းမီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း - သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေးကျော်ကိုကိုဆက်နိုင် (မုံရွာ ဆရာမိုး၊ ရှောက်တစ်လုံး ဝမ်းမှန်ဆေး) မိသားစုတို့က ရန်ပုံငွေကျပ် သိန်း ၃၀ကို မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို)ဥက္ကဋ္ဌ တိုင်းရင်းသမားတော်ကြီး ဦးမောင်ညဏ်ထံ ပေးအပ် လှူဒါန်းစဉ်။ (၁၁၈)

တမူးမြို့နယ်စည်ပင် လွှတ်လပ်ရေးပန်းခြံ၌ ပျိုးပင်များပျိုးထောင်

ရန်ကုန် နိုဝင်ဘာ ၂၉

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်သည် အောက်တိုဘာ၆ရက်က တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော လွှတ်လပ်ရေးပန်းခြံအတွင်း ပျိုးပင်များပျိုးထောင်ထားမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းကျော်တို့က လုပ်ငန်း ဆောင်ရွက်မှုကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

30-11 (02).pmd 1 11/30/2008, 2:16 AM

ဆေးတက္ကသိုလ်(၂) ၁၉၆၉-၁၉၇၆
သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန် ဆေးတက္ကသိုလ်(၂)တွင် ၁၉၆၉-၁၉၇၆ ခုနှစ်အတွင်း ပညာဆည်းပူးခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများက ကျေးဇူးရှင် ဆရာ ဆရာမများအားလုံးကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၈ရက် နံနက်၉နာရီမှ ၁၁နာရီအထိ Traders Hotel၌ ကန်တော့ကြပြီး ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၇ရက် ညနေ ၆နာရီတွင် မိတ်ဆုံစားပွဲကို Excel Tower ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ဆရာ ဆရာမများထံ ဖိတ်စာပေးပို့မည်ဖြစ်သော်လည်း မရောက်ရှိပါက ကန်တော့ခံကြွရောက်ပေးပါရန်၊ ကျောင်းသား ကျောင်းသူအားလုံး တက်ရောက်ပေးရန်နှင့် အသေးစိတ်သိရှိလိုပါက လည်းကောင်း၊ အလှူငွေပေးပို့လိုပါက လည်းကောင်း ဒေါက်တာဒေါ်လှကြင် ဖုန်း-၀၁-၃၈၄၄၉၆၊ ၀၉-၅၀-၁၂၄၈၈၊ ဒေါက်တာဒေါ်ချိုချို ဖုန်း-၀၁-၆၈၇၄၀၉၊ ၀၉-၅၁-၃၇၉၆၉နှင့် ဒေါက်တာဒေါ်စီစီမာ ဖုန်း-၀၁-၄၀၀၁၄၇၊ ၀၉-၈၀-၂၅၁၂၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမျိုးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သောအကြီးအမျိုးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

ရွှေဘိုမြို့နယ်၌ မိုးစပါးရိတ်သိမ်းနေမှု တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုအားပေး

ရန်ကုန် နိုဝင်ဘာ ၂၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် နိုဝင်ဘာ ၂၆ရက်တွင် ရွှေဘိုမြို့နယ် ဇီးတောကျေးရွာအုပ်စုရှိ တောင်သူဦးငြိမ်းမောင်၏ မိုးစပါး သုံးဧက စိုက်ခင်းသို့ သွားရောက်၍ စပါးရိတ်သိမ်း ခြွေလှေ့စက်များဖြင့် စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(ယာပုံ)**

အထွက်နှုန်း

ရွှေဘိုခရိုင်အတွင်း ၂၀၀၈-၂၀၀၉ ခုနှစ်တွင် မိုးစပါး ၈၁၂၄၁၁ ဧက စိုက်ပျိုးခဲ့ပြီး ယနေ့အထိ ၂၂၀၈၅၁ ဧက ရိတ်သိမ်းပြီးဖြစ်ကာ တစ်ဧကပျမ်းမျှ အထွက်နှုန်းမှာ ၈၈ဒသမ ၀၁တင်း ထွက်ရှိကြောင်းနှင့် စစ်ကိုင်းတိုင်းအတွင်း ၂၀၀၈-၂၀၀၉ခုနှစ်အတွင်း မိုးစပါး ၁၈၁၅၄၂၄ ဧက စိုက်ပျိုးပြီး ယနေ့အထိ ၄၆၉၆၇၃ ဧက ရိတ်သိမ်းပြီးဖြစ်ကာ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၈၄ဒသမ ၀၂တင်း ထွက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ရှေ့ဖုံးမှ*

ခရီးလမ်းရှိ ကျေးရွာများ၌ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပုံနှင့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားပြီး ခြေလျင် တောင်တက်အဖွဲ့ဝင်တစ်ဦးက ဝန်ကြီးများအား ထောတကော ရေခဲတောင်ဓာတ်ပုံများကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ထောတကောရေခဲတောင်ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသော ခြေလျင်တောင်တက်အဖွဲ့ဝင် လူငယ်များအား ဆုတံဆိပ်များကို ဂုဏ်ပြုပေးအပ်ချီးမြှင့်ကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ခြေလျင်တောင်တက်အဖွဲ့ဝင်များ ကိုယ်စား အဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်တို့၏ ပူးပေါင်းလုပ်ရှားမှုအဖြစ် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်အတွင်းရှိ ထောတကောရေခဲတောင်ကို နိုဝင်ဘာ ၁၄ရက် နံနက် ၈နာရီ မိနစ်၂၀တွင် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း၊ တောင်တက်အဖွဲ့သည် နိုဝင်ဘာ ၅ရက်က ပူတာအိုမှ ခြေလျင်ခရီးစတင်ခဲ့ရာ နိုဝင်ဘာ ၁၉ရက်တွင် ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ တောင်တက်အဖွဲ့တွင် အဖွဲ့ဝင် စုစုပေါင်း ၂၅ဦးတို့ ပါဝင်ပြီး အမျိုးသမီး ၁၀ဦးတို့ လိုက်ပါခဲ့ကြောင်း၊ တောင်တက်ခရီးစဉ်အတွင်း အမြင့် ၁၃၆၂၆ပေ တွင် ရေကန်ကြီးတစ်ခုကို တွေ့ရှိခဲ့ပြီး အဆိုပါရေကန်ကြီးသည် အိန္ဒိယ-မြန်မာနယ်စပ်မျဉ်းပေါ်တွင်တည်ရှိကာ ကန်ပတ်လည်သည် တစ်မိုင်ကျော်ရှိကြောင်း၊ ထောတကော ရေခဲတောင်တက်ခရီးစဉ် အဆင်ပြေချောမွေ့ အောင်မြင်နိုင်ရေးအတွက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး၊ ရထား ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေး ဝန်ကြီးဌာနတို့က လိုအပ်သည်များကို အားပေးကူညီ ပံ့ပိုးပေးခဲ့ကြကြောင်း၊ ကုမ္ပဏီများနှင့်ပုဂ္ဂလိက အလှူရှင်များကလည်း အလှူငွေများ ထည့်ဝင်လှူဒါန်းအားပေးခဲ့ကြကြောင်း သိရသည်။

အောင်မြင်စွာတက်ရောက်

မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်တို့မှ အဖွဲ့ဝင်လူငယ်များသည် (၂၀၀၁၊ ၂၀၀၂နှင့် ၂၀၀၆)ခုနှစ်တို့တွင် အမြင့်ပေ ၁၁၅၀၀ရှိသော ဖုန်ကန်ရေခဲတောင်ကိုလည်းကောင်း၊ ၂၀၀၂ခုနှစ်တွင် အမြင့်ပေ၁၃၃၅၀ ရှိသော အိမောဘွန်းရေခဲတောင်ကိုလည်းကောင်း၊ ၂၀၀၃ခုနှစ်တွင် အမြင့်ပေ၁၂၂၅၀ရှိသော စာရာမေတိရေခဲတောင်ကိုလည်းကောင်း၊ ၂၀၀၄ခုနှစ်တွင် အမြင့်ပေ၁၄၀၉၀ရှိသော ဖန်ဂရန်ရေခဲတောင်ကိုလည်းကောင်း၊ ၂၀၀၅ခုနှစ်တွင် အမြင့်ပေ ၁၅၀၀၀ကျော်ရှိသော မဒွယ်ရေခဲတောင်ကိုလည်းကောင်း၊ ၂၀၀၆ခုနှစ်တွင် ခရီးမိုင်၃၀၀နီးပါးရှိသော တဟွန်ဒမ်းခရီးရှည်ကိုလည်းကောင်း၊ ၂၀၀၇ခုနှစ်တွင် အမြင့်ပေ၁၃၁၀၀ရှိသော ဖုန်ရင်ရေခဲတောင်ကိုလည်းကောင်း၊ ၂၀၀၈ခုနှစ်တွင် အမြင့် ၁၅၁၄၆ပေရှိသော ထောတကောရေခဲတောင် တို့ကိုလည်းကောင်း အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖန်းမောက်၌ ကျောက်ချောလမ်းခင်း

ဖန်းမောက် နိုဝင်ဘာ ၂၉

ဖန်းမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ဇင်နိုင်မြင့် တာဝန်ယူဆောင်ရွက်နေသော မြို့မလမ်းသွယ်-၂ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်နန်းက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြို့နယ်စည်ပင်)**

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကချင်ပြည်နယ် ပူတာအိုခရိုင်ရှိ ၁၅၁၄၆ ပေမြင့်သော ထောတကော ရေခဲတောင်ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသည့် မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့မှ အဖွဲ့ဝင်လူငယ်များအား ဂုဏ်ပြုပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၁၁-၂၀၀၈ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၀ ၉။ အဆိုပြိုင်ပွဲ
၈:၄၅ ၁၀။ **သတိတစ်ချက်**
တစ်သက်အမှား
ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်
(ဒါရိုက်တာ-စောစန္ဒာလှိုင်)
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၃၀ ၄။ အတီးပြိုင်ပွဲ
၁၂:၀၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ
အားကိုးချစ်သူ ကျေးတောသူ
(အပိုင်း-၁)
၁၂:၄၀ ၆။ Golf Magazine(TV)
၁၃:၀၀ ၇။ မြန်မာရုပ်ရှင်
ငါသူတစ်ပါး
ယောကျ်ားမိန်းမ
ရန်အောင်၊ လွင်မိုး၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ခင်ဇာခြည်ကျော်
(ဒါရိုက်တာ-ပန်းချီစိုးမိုး)
၁၄:၄၅ ၈။ International News
၁၅:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ နားဝင်ပီယံသူ့လက်သံ
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၂၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်
(မြန်မာစာအထူးပြု)
(မြန်မာစာ)
၄:၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၄၅ ၆။ **သတင်းကောင်း**
သျှားညို၊ ဆုပန်ထွာ၊ ပွင့်
(ဒါရိုက်တာ-ညိုမင်းလွင်)
၅:၁၀ ၇။ တေးဂီတအစီအစဉ်
၅:၂၅ ၈။ ဆိုကြမယ်ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ ကာတွန်းအစီအစဉ်
Pocket Dragon Adventure
၇:၀၀ ၁၂။ တစ်မျက်နှာ တစ်ကွက်စာ
ခုနစ်နာရီ
ညီဘွား၊ နိုင်ထက်၊ ဒေါ်လာ ပွင့်ဝေ (ဒါရိုက်တာ-ကြည်သာ၊ ပွဲကြိုက်ခင်)
၇:၂၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ
သံယောဇဉ်နှောင်ကြိုး
(အပိုင်း-၁၈)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ
အချစ်စစ်ရှာဖွေခြင်း
(အပိုင်း-၁၂)

30-11 (03).pmd 1 11/30/2008, 2:16 AM

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အလယ်ပိုင်း၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ရဲကားတစ်စီး ဗုံးစများထိမှန်ခဲ့သည်ကို နိုဝင်ဘာ ၂၆ရက်က တွေ့ရစဉ်။ (ယင်းဗုံးခွဲတိုက်ခိုက်မှုကြောင့် ကိုးဦးသေဆုံးခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

ဗြိတိန်ရေတပ် တာလီဘန်အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခြင်းခံရ အာဖဂန်နစ္စတန်တွင် သေဆုံးသည့်ဗြိတိသျှတပ်ဖွဲ့ဝင် ၁၂၈ဦးရှိပြီ

လန်ဒန် နိုဝင်ဘာ ၂၉

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ တာလီဘန်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ၂၈ရက်တွင် သတင်းထုတ်ပြန်သည်။

တိုက်ခိုက်ခံရ

အာဖဂန်နစ္စတန်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားမှုအများဆုံး ပြည်နယ်ဖြစ်သည့် ဟယ်လ်မန့်ပြည်နယ်တွင် ဗြိတိန်ရေတပ်မှတပ်ဖွဲ့ဝင်များ ခြေကျင်ကင်းလှည့်မှုပြုလုပ်နေစဉ် အကြမ်းဖက်သမားများ၏ ရုတ်တရက် တိုက်ခိုက်မှုခံရစဉ် ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ခြင်းဖြစ်သည်။

၁၂၈ ဦးရှိ

အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ စတင်ဝင်ရောက်ခဲ့သည့် ၂၀၀၁ခုနှစ်မှစ၍ ယနေ့အထိ အာဖဂန်နစ္စတန်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေမှာ ၁၂၈ဦးရှိသွားပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် စာရင်းဇယားများတွင် ဖော်ပြသည်။

ပိုမိုများပြား

လက်ရှိတွင် အာဖဂန်နစ္စတန်နိုင်ငံအတွင်း တပ်ဖြန့်ချထားသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေမှာ ၈၃၀၀ ဝန်းကျင်ရှိပြီး အများစုမှာ တာလီဘန်အကြမ်းဖက်သမားများ ခိုအောင်းလျက်ရှိရာ ဟယ်လ်မန့်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

ယခုနှစ်အတွင်း တာလီဘန်အကြမ်းဖက်သမားများက အမေရိကန်၊ ဗြိတိန် အပါအဝင် ပြည်ပတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထား တိုက်ခိုက်မှုများမှာ ယခင်နှစ်များကထက် ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ အမေရိကန်သံရုံးအနီး၌ ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၂၇ရက်က တွေ့ရစဉ်။

(ယင်းဗုံးခွဲ တိုက်ခိုက်မှုကြောင့် အရပ်သားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

အသေခံဗုံးခွဲရေးသမားများ ကိုယ်တိုင်အဖမ်းခံ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၉

အီရတ်နိုင်ငံ၌ အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့နှင့် အဆက်အသွယ်ရှိသော အသေခံဗုံးခွဲသူ အမျိုးသမီး ၁၈ဦးတို့က ဘဂ္ဂဒက်မြို့တော်မြောက်ဘက်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များထံ ကိုယ်တိုင်အဖမ်းခံလိုက်ကြကြောင်း အမေရိကန်စစ်ဘက်က နိုဝင်ဘာ ၂၇ရက်တွင် ကြေညာသည်။

ကြေညာ

အသေခံတိုက်ခိုက်ရေး စစ်ဆင်မှုသင်တန်းရပ်စဲရန် အမျိုးသမီးများအား သူတို့၏ ခေါင်းဆောင်များနှင့် ဖခင်များက ဖျောင်းဖျပြီးနောက် နိုဝင်ဘာ၂၆ရက်တွင် အမျိုးသမီးများက လက်နက်ချအဖမ်းခံကြခြင်းဖြစ်သည်ဟု စစ်ဘက်ကြေညာချက်၌ ဖော်ပြပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အနောက်ဘက်ကမ်း၌ ပါလက်စတိုင်း၂၃ဦး ဖမ်းဆီး

ရာမာလာ နိုဝင်ဘာ ၂၉

အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသမှ ပါလက်စတိုင်း ၂၃ဦးတို့အား အစ္စရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၇ရက်တွင် ဖမ်းဆီးလိုက်ကြောင်း လုံခြုံရေး သတင်းရပ်ကွက်က ပြောကြားသည်။

ဖမ်းဆီး

အစ္စရေးတပ်ဖွဲ့ဝင်များက ရာမာလာ၊ ဟီဘရွန်၊ နာဘလပ်၊ တူလ်ကရင်တို့တွင် ဝင်ရောက်စီးနင်းပြီးနောက် ပါလက်စတိုင်း ၂၃ဦးတို့အား ဖမ်းဆီးခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်တပ်ပြေးတစ်ဦး ဂျာမနီ၌ ခိုလှုံခွင့်တောင်း

ဖရန့်ဖတ် နိုဝင်ဘာ ၂၉

အီရတ်နိုင်ငံသို့ ပြန်လည်သွားရောက်စစ်မှုထမ်းရေး ရှောင်ရှားရန်တပ်မှပြေးခဲ့သူ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက အီရတ်စစ်ပွဲမှာ ဥပဒေနှင့်ဆန့်ကျင်ကြောင်း၊ မိမိ မထောက်ခံနိုင်ကြောင်း ပြောကြားလျက် ဂျာမနီနိုင်ငံ၌ ခိုလှုံခွင့်တောင်းခံလိုက်သည်။

ထောက်ပံ့

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်မှာ အင်ဒရီရှက်ဖတ်(၃၁)နှစ်ဖြစ်ပြီး အီရတ်နိုင်ငံတွင် ၂၀၀၄ခုနှစ် စက်တင်ဘာလမှ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလအထိ အမှတ်(၄၁၂)လေကြောင်း ထောက်ပံ့ရေးတပ်ရင်း၌ ရဟတ်ယာဉ်စက်ပြင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယမန်နှစ်က တပ်ပြေးဘဝရောက်ကတည်းက အင်ဒရီရှက်ဖတ်သည် ဂျာမနီနိုင်ငံ၌ နေထိုင်လာခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အာဖဂန်နစ္စတန် ကဘူးလ်တွင် အိုင်အက်စ်အေအက်ဖ်ယာဉ်တန်းဝင်တိုက်မှု အရပ်သားတစ်ဦး သေဆုံး၍ ရှုန်းရင်းဆန်ခတ်ဖြစ်ပွား

ကဘူးလ် နိုဝင်ဘာ ၂၉

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် နိုဝင်ဘာ ၂၈ရက်က ဗင်ကားငယ်တစ်စီးကို နိုင်ငံစုံတပ်လုံခြုံရေး ကန်ထရိုက်ယာဉ်တန်းဝင်တိုက်မိခဲ့မှုကြောင့် အရပ်သားတစ်ဦး သေဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့ပြီးနောက် ဒါဇင်ပေါင်းများစွာသော အာဖဂန်ပြည်သူတို့က ရဲတပ်ဖွဲ့ဝင်များအား ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

ပိုမိုအရှိန်မြင့်

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံတွင် နိုင်ငံစုံတပ်ဖွဲ့ဝင်များ၏ လေကြောင်းမှ များယွင်းပစ်ခတ်မှုများ တသီတတန်းကြီး ဖြစ်ပေါ်ခဲ့ပြီး အာဖဂန်ပြည်သူ အများအပြား သေဆုံးခဲ့ရပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံတွင် နိုင်ငံစုံတပ် ၆၅၀၀၀ရှိနေမှုကို မကျေမနပ်ဖြစ်ကာ အုံကြွမှုများ ပိုမိုအရှိန်မြင့်ဖြစ်ပေါ်လာခဲ့သည်။

ကဘူးလ်မြို့ အရှေ့ပိုင်းတွင် နိုင်ငံစုံလုံခြုံရေး ကန်ထရိုက်ယာဉ်တန်းက မီးခိုးရောင်ဗင်ကားငယ်တစ်စီးအား ပင်မလမ်းမကြီးမှ အဝေးသို့လွင့်စင်အောင် တိုက်မိမှု ဖြစ်ပွားခဲ့ရကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

ပြောကြား

နိုင်ငံတကာ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)ကမူ အဆိုပါဖြစ်ရပ်သည် မတော်တဆ ဖြစ်ရပ်သာဖြစ်ကြောင်း ပြောကြားသည်။

လုံခြုံရေးကန်ထရိုက် ယာဉ်တန်းမှ ကားတစ်စီးမတော်တဆမှု ဖြစ်ပွားကြောင်း၊ ဆိုတာစခန်းမှ သတင်းလက်ခံရရှိပြီးနောက် အိုင်အက်စ်အေအက်ဖ် ကင်းလှည့်ကားတစ်စီးအား အခင်းဖြစ်ရပ်သို့ စေလွှတ်ခဲ့ကြောင်း၊ ကင်းလှည့်ကား ရောက်ရှိသွားချိန်တွင် လုံခြုံရေးကန်ထရိုက်ယာဉ်တန်းမှ ယာဉ်များကို များပြားလှစွာသော လူအုပ်ကြီးက ဝန်းရံထားသည်ကို တွေ့ရှိခဲ့ရကြောင်း အိုင်အက်ဖ်အေအက်ဖ်က ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြသည်။ **(အင်တာနက်)**

ဒီယာလာပြည်နယ်၌ ပေါက်ကွဲမှုဖြစ်ပွား ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရ

ဘာကူဘာ နိုဝင်ဘာ ၂၉

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်မြို့တော် ဘာကူဘာမြို့ အရှေ့မြောက်ပိုင်း၌ နိုဝင်ဘာ၂၈ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အီရတ်ရဲတပ်ဖွဲ့ဝင် လေးဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒီယာလာပြည်နယ် ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ပြောကြား

ယင်းဖောက်ခွဲတိုက်ခိုက်မှုမှာ ဘာကူဘာမြို့ အရှေ့မြောက်ဘက် ၁၅၅ကီလိုမီတာအကွာရှိ အယ်ဆာဒီရာမြို့၌ လုံခြုံရေးကင်းလှည့်နေသည့် ရဲတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အဆွတ်အယ် အီရတ်သတင်းဌာနသို့ ပြောကြားသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘာကူဘာမြို့ရှိ ဆေးရုံ၌ ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးအား ဆေးကုသပေးနေသည်ကို နိုဝင်ဘာ ၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်၌ နေအိမ်ဒုံးကျည်ထိမှန်၍ အပြစ်မဲ့ကလေးငယ်သေဆုံးခဲ့ရ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၁၈၀အကွာရှိ ကွတ်မြို့အတွင်းရှိ နေအိမ်တစ်လုံး ဒုံးကျည်ထိမှန်ခဲ့ပြီး ကိုးနှစ်သားအရွယ် ကလေးငယ်တစ်ဦး သေဆုံးသွားသည်။

သေဆုံး

အဆိုပါ ဒုံးကျည်မှာ ကွတ်မြို့မြောက်ဘက် အယ်ကာဂျာရာ ကျေးရွာအတွင်းရှိ နေအိမ်တစ်လုံးပေါ်သို့ နိုဝင်ဘာ ၂၈ရက် ညနေပိုင်းက ကျရောက်ခဲ့ခြင်းဖြစ်သည်။ ယင်းဒုံးကျည်ထိမှန်ခံရချိန်တွင် ကလေးငယ်မှာ နေအိမ်အတွင်း ဆော့ကစားနေချိန်ဖြစ်ကာ ယင်းနေရာ၌ပင် ပွဲချင်းပြီးသေဆုံးသွားကြောင်း အဆွတ်အယ် အီရတ် သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဒဏ်ရာရရှိ

ယင်းဖြစ်ပွားမှုတွင် အခြားမိသားစုဝင်နှစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ယင်းဒုံးကျည်မှာ မည်သည့်နေရာ၊ မည်သည့်အဖွဲ့မှ ပစ်ခတ်ခဲ့သည်ကိုမူ အသေးစိတ် ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။

(အင်တာနက်)

ကလေးငယ်များအား လက်တွန်းလှည်းဖြင့် မခေါ်သင့် အသက်အရွယ်ရလာသည့်အခါ စိတ်ကစဉ့်ကလျားရောဂါရနိုင်ဟုဆို

အင်တာနက်ကျန်းမာရေး

ကလေးငယ်များကို လက်တွန်းလှည်းအတွင်းထည့်ကာ တွန်းပြီးသွားလာခြင်းသည် ကလေးငယ်များ အသက်အရွယ်ရရှိလာသည့်အခါ စိတ်ကစဉ့်ကလျားရောဂါများ ဖြစ်ပွားတတ်ကြောင်း ဗြိတိသျှသုတေသန ပညာရှင်များက ပြောကြားသည်။

သတိပေးထား

ကလေးငယ်များကို တွန်းလှည်းနှင့်တွန်းသည့်အခါ မိဘသို့မဟုတ် အုပ်ထိန်းသူများ၏ အနေအထားသည် ကလေးငယ်များ၏စိတ်တွင် လုံခြုံမှုကင်းမဲ့နေတတ်သည်ဖြစ်ရာ ယင်းအချက်ကို မိဘများက သတိမထားမိကြကြောင်း ၎င်းတို့က သတိပေးထားသည်။

ပြောင်းလဲ

အကာအကွယ်မရှိဘဲ ရှေ့နှင့်ပတ်ဝန်းကျင်မြင်ကွင်းများကို အကာအကွယ်မဲ့စွာ မြင်တွေ့ရသည့် ကလေးငယ်များအတွက် အမျိုးမျိုးသောမြင်ကွင်းများက ကလေးငယ်၏ စိတ်ပိုင်းဆိုင်ရာခံစားမှုကို ပြောင်းလဲသွားစေတတ်ကြောင်း သတိပေးထားသည်။ သုတေသနပြုချက်အရ လက်တွန်းလှည်းဖြင့် ကလေးငယ်ကို တွန်းပြီးခေါ်ဆောင်ခြင်းသည် ရုပ်ပိုင်းထက် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုကို ဖြစ်ပေါ်စေတတ်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း။

မွမ်ဘိုင်းမြို့ အချက်အချာနေရာများတိုက်ခိုက်မှု အကြမ်းဖက်သမားများအား စနေနေ့၌ အပြီးချေမှုန်း

မွမ်ဘိုင်း နိုဝင်ဘာ ၂၉

အိန္ဒိယနိုင်ငံ၏ ရောင်းဝယ်ဖောက်ကားမှုအစည်ကားဆုံး ကုန်သွယ်ရေးမြို့ မွမ်ဘိုင်းမှ ကြယ်ငါးပွင့်အဆင့်ဇိမ်ခံဟိုတယ်ကြီးနှစ်ခု၊ မြို့တော်၏ အကြီးဆုံးဘူတာနှင့် ရုပ်ရှင်ရုံ၊ ဆေးရုံကြီးတစ်ရုံအပါအဝင် မြို့အနှံ့အပြားတွင် နိုဝင်ဘာ၂၆ရက်က တိုက်ခိုက်မှုများကြောင့် နိုဝင်ဘာ၂၈ရက်အထိ လူ၁၄၀ထက်မနည်း သေဆုံးပြီး ၃၀၀ကျော် ဒဏ်ရာရရှိခဲ့သည်။ (နိုဝင်ဘာ၂၉ရက်-မြန်မာ့အလင်း စာမျက်နှာ ၅)

ဆက်လက်သိရှိရသည်မှာ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ တာ့ဂျ်မဟာဟိုတယ်မှ နောက်ဆုံးကျန်နေသည့် စစ်သွေးကြွအချို့ သေဆုံးပြီးနောက် တာ့ဂျ်မဟာဟိုတယ်ဝိုင်းထားမှုမှာ ယနေ့ပြီးဆုံးသွားပြီဖြစ်သည်။

သဲကြီးမဲကြီး

"ယခုအခါဟိုတယ်ကို သူတို့ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း၊ အကြမ်းဖက်သမားအားလုံး သေဆုံးကုန်ပြီး စစ်ဆင်ရေးအားလုံး ပြီးစီးသွားပြီဖြစ်ကြောင်း" ရဲမင်းကြီး ဟက်ဆန်ဂဖားက ပြောဆိုသည်။ အနည်းဆုံး ၁၉၅ ဦးသေဆုံးရသည့် လုံခြုံရေးတပ်နှင့် စစ်သွေးကြွများအကြားတိုက်ပွဲမှာ စနေနေ့က တတိယနေ့ဆက်လက်ဖြစ်ပွားစဉ် ထိုနေ့နံနက်စောစောပိုင်းက ကွန်မန်ဒိုများက ထပ်မံ၍ သဲကြီးမဲကြီး တိုက်ပြန်သည်။ စစ်သွေးကြွသုံးဦးသေဆုံးကြောင်း၊ သို့သော် ကွန်မန်ဒိုများက ဟိုတယ်ရှိ အခန်းအားလုံးကို စစ်ဆေးနေကြောင်း ကွန်မန်ဒိုအကြီးအကဲ ဂျေကေဒတ်က ပြောကြားလိုက်သည်။

တာ့ဂျ်မဟာဟိုတယ်ရှေ့တွင် အပျက်အစီးများကို တွေ့ရစဉ်။

နားကွဲမတတ်

ကျန်နေသေးသည့် စစ်သွေးကြွများကို လှန့်ထုတ်ရန်အတွက် စနေနေ့ နံနက်၇နာရီခွဲက ဟိုတယ်ဧည့်ခန်းအတွင်းသို့ တပ်ဖွဲ့ဝင်များ တစ်ဟုန်ထိုးဝင်ရောက်ကြစဉ် တာ့ဂျ်မဟာဟိုတယ်အတွင်းမှ သေနတ်သံများ နားကွဲမတတ်ဆူညံစွာ ထွက်ပေါ်လာသည်။ ထိုအချိန်တွင် ဟိုတယ်အောက်ထပ်များမှ အလျှံညီးညီးပေါ်ထွက်လာသော မီးတောက်များနှင့် မီးခိုးလုံးများကို မီးသတ်သမားများက ငြိမ်းသတ်လျက်ရှိသည်။

အံ့အားသင့်

ဟိုတယ်ကို ကွန်မန်ဒိုများစီးနင်းစဉ် အတွင်းပိုင်းမှ အကြမ်းဖက်သမားများသည် အဆုတ်၊ အတက်၊ အရှောင်အတိမ်းလျင်မြန်လွန်းသဖြင့် ကွန်မန်ဒိုများက အံ့အားသင့်နေသည်။ အမှန်မှာ စစ်သွေးကြွတစ်ဦးက ထိုဟိုတယ်၌ စားဖိုမှူးအဖြစ် ၁၀လကြာလုပ်ကိုင်နေခဲ့ကြောင်း သိရသည်။

စီးနင်းမှုပြီးဆုံး

ဟိုတယ်၏ ခန်းမတစ်ခုအတွင်းမှ အလောင်း၃၀ခန့်ကို ကွန်မန်ဒိုများက တွေ့ရသည်။ အလားတူပင် လူ၁၀၀နီးပါးကို ကယ်နိုင်သည့် အိုဘေရွိုင်းထရီးဒင့်ဟိုတယ်မှလည်း အလောင်း၂၄လောင်းကို သောကြာနေ့က တွေ့ခဲ့ရသည်။ ဗုဒ္ဓဟူးနေ့ကစတင်သည့် မွမ်ဘိုင်းမြို့ကို သေနတ်သမားတို့စီးနင်းမှု ပြီးဆုံးသည့် နိုဝင်ဘာ၂၉ရက်အထိ အနည်းဆုံး နိုင်ငံခြားသား ၂၂ဦးသေဆုံးသည်။ ၎င်းတို့မှာ ဂျာမနီ၊ ဂျပန်၊ ကနေဒါ၊ သြစတြေးလျ၊ အီတလီ၊ စင်ကာပူနှင့် ဗြိတိန်နိုင်ငံတို့မှ ဖြစ်သည်။ **(အင်တာနက်)**

သမိုင်းအစဉ်အလာကြီးမားသည့် အီဂျစ်အာရပ်သမ္မတနိုင်ငံ

သတင်းအကျဉ်း

အီဂျစ်အာရပ်သမ္မတနိုင်ငံသည် အာဖရိကတိုက် အရှေ့မြောက်ဒေသတွင် တည်ရှိသည်။ ပိရမစ်ဂူပိမာန်များ၊ ရှေးဟောင်းယဉ်ကျေးမှုတို့ကြောင့် လူသိများထင်ရှားသည့် ဤနိုင်ငံသည် မျက်မှောက်ခေတ် အရှေ့အလယ်ပိုင်း နိုင်ငံရေးလောကတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

အဓိကရ

ဤနိုင်ငံသည် အစ္စရေးနိုင်ငံနှင့် ၁၉၄၈ခုနှစ်၊ ၁၉၆၇ခုနှစ်နှင့် ၁၉၇၃ခုနှစ်များတွင် စစ်သုံးကြိမ်ဖြစ်ခဲ့သည်။ ထို့နောက် ၁၉၇၉ခုနှစ်တွင် အစ္စရေးနှင့် ငြိမ်းချမ်းရေးရရှိသည်။ ဤနိုင်ငံသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကရ ကိုယ်စားလှယ်နိုင်ငံတစ်နိုင်ငံ ဖြစ်လာရသည်။

အောင်မြင်မှု

အီဂျစ်နိုင်ငံ၏ သမိုင်းသည် ဘီစီ ၇၀၀၀ခန့်က နိုင်းမြစ်ဝှမ်း၌ အခြေချမှုကစတင်သည်။ ဘီစီ ၃၀၀၀ခန့်တွင် အထက်အီဂျစ်ဘုရင့်နိုင်ငံနှင့် အောက်အီဂျစ်ဘုရင့်နိုင်ငံတို့ ပေါင်းစည်းလိုက်သည်။ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုအစဉ်အလာများ ထွန်းကားသည်။ ဘီစီ ၂၅၀၀ခန့်တွင် ပိရမစ်ဂူပိမာန်များတည်ဆောက်ခြင်းမှာ ဤနိုင်ငံ၏ အင်ဂျင်နီယာလုပ်ငန်းအောင်မြင်မှုဖြစ်သည်။

ဘီစီ ၆၆၉ခုနှစ်တွင် မက်ဆိုပိုတေးမီးယားမှ အဆီးရီးယန်းတို့က ဤနိုင်ငံကို သိမ်းပိုက်သည်။ ဘီစီ ၅၂၅ခုတွင် ပါရှားတို့က အနိုင်ယူသည်။ ဘီစီ ၃၃၂ ခုနှစ်တွင် မက်ဆီဒိုးနီးယားမှ အလက်ဇန္ဒာသည် ဂရိတ်က အီဂျစ်ကို သိမ်းပိုက်ပြီး အလက်ဇန္ဒရီးယား မြို့ကို တည်ထောင်သည်။

သိမ်းသွင်း

ဘီစီ ၃၁ခုနှစ်တွင် အီဂျစ်နိုင်ငံမှာ ရောမအုပ်ချုပ်မှုအောက်သို့ ရောက်သွားသည်။ ခရစ်သက္ကရာဇ် ၆၄၂ခုနှစ်တွင် အီဂျစ်ကို အာရပ်တို့က အောင်နိုင်သည်။ ၉၆၉ခုနှစ်တွင် ကိုင်ရိုမြို့တော်ကို တည်ထောင်သည်။ ၁၅၁၇ခုနှစ်တွင် အီဂျစ်ကို တူရကီအော်တိုမန်အင်ပါယာအတွင်း သိမ်းသွင်းလိုက်သည်။ ၁၇၉၈ခုနှစ်တွင် ပြင်သစ်ဘုရင် နပိုလီယန်၏ တပ်များက ကျူးကျော်သည်။ ၁၈၀၁ခုနှစ်တွင် ပြင်သစ်တပ်များကို ဗြိတိန်နှင့် တူရကီတပ်များက တိုက်ထုတ်သည်။ ထိုအခါ အီဂျစ်နိုင်ငံမှာ အော်တိုမန်အင်ပါယာ လက်အောက် ပြန်ရောက်သွားပြန်သည်။

လုပ်ကြံ

၁၈၅၉-၁၈၆၉ခုနှစ်တွင် စူးအက်တူးမြောင်း ဖောက်လုပ်သည်။ ၁၈၈၂ခုနှစ်တွင် ဗြိတိန်တပ်များက အီဂျစ်ကိုသိမ်းသည်။ ၁၉၁၄ခုနှစ်တွင် ဗြိတိသျှ အထိန်းသိမ်းခံနိုင်ငံဖြစ်လာသည်။ ၁၉၂၂ခုနှစ်တွင် အီဂျစ်နိုင်ငံ လွတ်လပ်ရေးရပြီး ပထမမြောက်ဖတ်သည် အီဂျစ်ဘုရင်ဖြစ်လာသည်။ ၁၉၂၈ခုနှစ်တွင် မွတ်စလင်ညီအစ်ကိုပါတီကို ဟက်ဆန်အယ်ကန်နာက ထူထောင်သည်။ ၁၉၄၉ခုနှစ်တွင် လုပ်ကြံ သတ်ဖြတ်ခံခဲ့ရသည်။

ထီးနန်းစွန့်

၁၉၃၆ခုနှစ် ဧပြီလတွင် ဖတ်ဘုရင်၏အရိုက်အရာကို သားဖြစ်သူ ဖာရုက အီဂျစ်ဘုရင်အဖြစ် ဆက်ခံသည်။ ၁၉၄၈ခုနှစ်တွင် အစ္စရေးနိုင်ငံသစ်ကို အီဂျစ်၊ အီရတ်၊ ဂျော်ဒန်နှင့် ဆီးရီးယားတို့က တိုက်ခိုက်သည်။ ၁၉၄၉ခုနှစ်တွင် လွတ်လပ်သော အရာရှိများလှုပ်ရှားမှုကော်မတီကို ဖွဲ့စည်းသည်။ ၁၉၅၂ခုနှစ်တွင် ဘုရင်ဖာရုက သားတော် ဒုတိယမြောက် ဖတ်ကိုတင်ရန် ထီးနန်းစွန့်သည်။

အပစ်အခတ်ရပ်စဲ

၁၉၅၂ခုနှစ်တွင် ဂမဲအဗ္ဗဒူနာဆာ ဦးဆောင်လျက် လွတ်လပ်သောအရာရှိများ လှုပ်ရှားမှုကော်မတီက အာဏာသိမ်းသည်။ ထိုကော်မတီမှာ ဇူလိုင်လ၂၃ရက် တော်လှန်ရေးကော်မတီဟု လူသိများသည်။ အာဏာသိမ်းခြင်းဖြင့် မိုဟာမက်နာဂျစ် အီဂျစ်သမ္မတနှင့် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၅၃ခုနှစ် ဇွန်လတွင် အီဂျစ်ကို သမ္မတနိုင်ငံအဖြစ် နာဂျစ်ကကြေညာသည်။ ၁၉၅၄ခုနှစ်တွင် နာဆာ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၅၆ခုနှစ်တွင် သမ္မတဖြစ်လာသည်။ ၁၉၅၆ခုနှစ် ဇူလိုင်လတွင် သမ္မတနာဆာက စူးအက်တူးမြောင်းကို ပြည်သူပိုင်သိမ်းသည်။ ထို့ကြောင့် ထိုနှစ် အောက်တိုဘာလတွင် အီဂျစ်ကို ဗြိတိန်၊ ပြင်သစ်နှင့်အစ္စရေး သုံးနိုင်ငံကျူးကျော်သည်။ ထိုနှစ် နိုဝင်ဘာလတွင် အပစ်အခတ်ရပ်စဲရေး ကြေညာသည်။

ပိရမစ်ဂူပိမာန်များ၊ ရှေးဟောင်းယဉ်ကျေးမှုတို့ကြောင့် လူသိများထင်ရှားသည့် ဤနိုင်ငံသည် မျက်မှောက်ခေတ် အရှေ့အလယ်ပိုင်းနိုင်ငံရေးလောကတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ၊ ဤနိုင်ငံသည် အစ္စရေးနိုင်ငံနှင့် ၁၉၄၈ခုနှစ်၊ ၁၉၆၇ ခုနှစ်နှင့် ၁၉၇၃ခုနှစ်များတွင် စစ်သုံးကြိမ်ဖြစ်ခဲ့၊ ထို့နောက် ၁၉၇၉ခုနှစ်တွင် အစ္စရေး နှင့် ငြိမ်းချမ်းရေးရရှိ။

၁၉၅၈ခုနှစ် ဖေဖော်ဝါရီလတွင် အီဂျစ်နှင့် ဆီးရီးယားတို့က ညီညွတ်သော အာရပ် သမ္မတနိုင်ငံ(ယူအေအာ)အဖြစ် ပေါင်းစည်းလိုက်သည်။ သို့သော် ၁၉၆၁ခုနှစ်တွင် ဆီးရီးယားက ထွက်လိုက်သည်။ သို့သော် အီဂျစ်မှာ ယူအေအာအဖြစ် တွင်ရစ်သည်။ ၁၉၆၅ခုနှစ် မတ်လတွင် အီဂျစ်ဘုရင် ဖါရုမှာ ရောမမြို့၌ ကွယ်လွန်ခဲ့သည်။

၁၉၆၇ ခုနှစ် မေလတွင် အီဂျစ်နှင့် ဂျော်ဒန်တို့ ကာကွယ်ရေးစာချုပ်ချုပ်ဆိုသည်။ ထိုနှစ်ဇွန်လတွင် အီဂျစ်၊ ဂျော်ဒန်နှင့် ဆီးရီးယားတို့ အစ္စရေးနှင့်စစ်ဖြစ်ကာ အရှုံးပေးလိုက်ရသည်။ အစ္စရေးက ဆိုင်းနိုင်းကျွန်းဆွယ်၊ ဂိုလန်ကုန်းမြင့်၊ ဂါဇာကမ်းမြောင်၊ အရှေ့ဂျေရုဆလင်နှင့် အနောက်ဘက်ကမ်းတို့ကို သိမ်းပိုက်လိုက်သည်။

ရွေးချယ်ခံရ

၁၉၇၀ ပြည့်နှစ် စက်တင်ဘာလတွင် နာဆာကွယ်လွန်သဖြင့် ဒုတိယသမ္မတ အန်ဝါအယ်ဆာဒတ် သမ္မတဖြစ်လာသည်။ ၁၉၇၁ခုနှစ်တွင် အီဂျစ် အာရပ်သမ္မတနိုင်ငံဟု အမည်ပြောင်းသည်။ အက်ဆွမ်ဆည် တည်ဆောက်ပြီးစီးသည်။ ၁၉၇၅ ခုနှစ် ဇွန်လတွင် ၁၉၆၇ ခုနှစ် စစ်ပွဲကတည်းကပိတ်ခဲ့သည့် စူးအက်တူးမြောင်း ပြန်ဖွင့်သည်။ ၁၉၇၉ခုနှစ် မတ်လတွင် အီဂျစ်နှင့်အစ္စရေး ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးသည်။ ၁၉၈၁ခုနှစ် အောက်တိုဘာလ ၆ရက်တွင် သမ္မတဆာဒတ် လုပ်ကြံခံရသည်။ ဟော့စနီမူဘာရက် သမ္မတဖြစ်လာသည်။ ၁၉၈၇ခုနှစ် အောက်တိုဘာတွင် ဒုတိယသက်တမ်း၊ ၁၉၉၃ ခုနှစ် အောက်တိုဘာလတွင် တတိယသက်တမ်း၊ ၁၉၉၉ခုနှစ် အောက်တိုဘာလတွင် စတုတ္ထ သက်တမ်း၊ ၂၀၀၅ခုနှစ် စက်တင်ဘာလတွင် ပဉ္စမသက်တမ်း သမ္မတအဖြစ် ပြန်လည် ရွေးချယ်ခံခဲ့ရသည်။

ဆောင်ရွက်

၂၀၀၆ခုနှစ် ပါလီမန်မိန့်ခွန်းတွင် သမ္မတမူဘာရက်က ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲရန် ကတိပြုသည်။ ၂၀၀၇ခုနှစ် နိုဝင်ဘာလတွင် အမျိုးသားဒီမိုကရက်တစ်ပါတီ(အင်န်ဒီပီ)က သမ္မတမူဘာရက်အား ပါတီခေါင်းဆောင်အဖြစ် ဆက်လက်တာဝန်ယူရန် မဲပေးဆုံးဖြတ်သည်။ ၂၀၀၇ခုနှစ် ပါလီမန်ရွေးကောက်ပွဲတွင် အင်န်ဒီပီပါတီက မဲအများဆုံးရရှိသည်။ သမ္မတမူဘာရက်က အီဂျစ်လေတပ်ကို ခေတ်မီအောင် ဆောင်ရွက်နေသည်။

၂၀၀၈ခုနှစ် စက်တင်ဘာလတွင် ကိုင်ရိုမြို့ ဆင်ခြေဖုံးမြေပြိုမှုတွင် လူ၁၀၀ နီးပါး သေဆုံးသည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

■ ကျောဖုံးမှ

ဂျာနယ်နှင့် မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော ကဗျာများကို စုစည်းကာ စာအုပ်ပြုစုခဲ့ခြင်းဖြစ်သည်။ ကဗျာအပုဒ်ပေါင်း ၁၅၅ပုဒ်ပါရှိကြောင်း သိရသည်။

ရှုထောင့်စုံ

"ဒီကဗျာစာအုပ်ထဲမှာ ဖော်ပြပြီးသား ကဗျာတွေနဲ့ မဖော်ပြရသေးတဲ့ ကဗျာတွေ ထက်ဝက်လောက်စီ ပါရှိတယ်။ ကလေးတွေ ကောင်းတဲ့အတုကို ယူစေချင်လို့ပါ။ ဒီစာအုပ်ပါတဲ့ ကဗျာတွေထဲမှာ ပညာရေး၊ ဘာသာတရား၊ ယဉ်ကျေးမှု၊ အားကစား၊ မြန်မာ့ရိုးရာ၊ သမိုင်းကြောင်း၊ ကျန်းမာရေးစတဲ့ ရှုထောင့်စုံက ရေးဖွဲ့တဲ့ ကဗျာတွေဖြစ်ပါတယ်"ဟု စာရေးဆရာမောင်မြင့်ထွန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

စာရေးဆရာ မောင်မြင့်ထွန်းကို ရန်ကုန်မြို့၌ အဖ ဦးထွန်းမောင်၊ အမိ ဒေါ်တင်တို့က ၁၉၆၀ပြည့်နှစ်တွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ လက်ရှိနေရပ်လိပ်စာမှာ ဒါးပိန်မြို့ မအူစုရပ်ကွက်၌ နေထိုင်လျက်ရှိသည်။ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ကဗျာများကို ရေးသားလျက်ရှိပြီး၊ ၁၉၉၀ပြည့်နှစ် မေလထုတ် ဒို့ကျောင်းသားစာစောင်၌ **"နွေအလှကဗျာ"**ဖြင့် စာပေနယ်ထဲ စတင် ရောက်ရှိခဲ့သူဖြစ်သည်။ ယခုအချိန်အထိ ကလေးကဗျာပေါင်း အပုဒ်၂၀၀နှင့် လူကြီး ကဗျာပေါင်း အပုဒ် ၁၅၀ခန့် ရေးသားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ကဗျာတွေ ဆက်ပြီးရေးသွားမှာပါ။ ကလေးတွေကိုပဲ ဦးတည်ပြီး ပညာပေး ကဗျာလေးတွေ ဖန်တီးသွားမှာဖြစ်ပါတယ်။ ကလေးငယ်တွေဟာ နိုင်ငံရဲ့မျိုးဆက်သစ်တွေပါ။ သူတို့လေးတွေ မှန်ကန်တဲ့အသိနဲ့ ကြီးပြင်းလာစေချင်တယ်။ မိဘတွေအနေနဲ့ကလည်း ကလေးတွေကို လက်ဆောင်ပေးသင့်ဆုံးအရာက စာအုပ်စာပေပါပဲ။ ထိုက်သင့်တဲ့ စာအုပ်တွေရွေးချယ်ပြီး ဆွေးနွေးစည်းရုံးကာ ဖတ်ရှုလေ့လာစေရင် ကလေးငယ်တွေဟာ အသိအလိမ္မာမြင့်မားတဲ့သူတွေ ဖြစ်လာမှာပါ။ အခုလိုနိုင်ငံတော်က စာပေပညာရှင်တွေကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်တဲ့အတွက် အထူး ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ အခြေအနေအရ ဘယ်လိုစာပေတွေပဲ ရေးရေး ကလေးစာပေတွေကိုတော့ မပျက်မကွက် ဆက်လက်ရေးသားသွားမှာပါ"ဟု စာရေးဆရာမောင်မြင့်ထွန်းက မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

ဆက်လက်ပြီး **"တိမ်ယံအိပ်မက်မိုးထက်နရီ"** ဝတ္ထုရှည်ဖြင့် အမျိုးသားစာပေဆုရရှိခဲ့သည့် စာရေးဆရာ ဆူးငှက် (အမည်ရင်းဦးကျော်ဆန်း)မှာ မန္တလေးမြို့၌ နေထိုင်သူဖြစ်ရာ မြန်မာ့အလင်းက တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့သည်။

ကြိုးစားစေချင်

အမျိုးသားစာပေဆုရရှိမှုသတင်းနှင့် ပတ်သက်ပြီး "နိုဝင်ဘာ ၂၇ရက် ညနေ ၆နာရီသတင်းမှာ ကြေညာသွားတာကို အမျိုးတစ်ယောက် လှမ်းပြောလို့သိရတယ်။ ပထမဆုံးဆုရရှိတာမို့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီစာအုပ်က ကျွန်တော့်ရဲ့ ပထမဆုံး လုံးချင်းဝတ္ထုစာအုပ်လည်းဖြစ်တာမို့ ဘဝမှာ မှတ်မှတ်ရရပါပဲ။ ဒီစာအုပ်ကို ရေးဖြစ်တာကလည်း ဒီနေ့ခေတ် အနေအထားအရ နိုင်ငံတကာမှာ ခေတ်မီနည်းစနစ်တွေ ဖွံ့ဖြိုးတိုးတက်လာတယ်။ ကျွန်တော်တို့ရဲ့ရှိပြီးသား ယဉ်ကျေးမှု အနုပညာအဆီအနှစ်တွေကို အရိုးကိုအရွက်မဖုံးစေဘဲ ခေတ်မီပေါင်းစပ်မှုတွေနဲ့ နိုင်ငံတကာအထိ ပျံ့နှံ့သွားအောင် လူငယ်တွေ ကြိုးစားကြစေချင်လို့ပါ"ဟု စာရေးဆရာ ဆူးငှက်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ယခုလို အမျိုးသားစာပေဆုရရှိခဲ့သည့် **"တိမ်ယံအိပ်မက်မိုးထက်နရီ"**ဝတ္ထုရှည်မှာ ရွှေအမြုတေမဂ္ဂဇင်း၌ ၂၀၀၆ ခုနှစ်တွင် ၁၁လတိုင်တိုင် လစဉ်ရေးသားခဲ့သော အခန်းဆက် ဝတ္ထုရှည်ဖြစ်ပြီး လုံးချင်းဝတ္ထု ပြန်လည်ထုတ်ဝေထားသည့် စာအုပ်ဖြစ်သည်။

ဆန်းသစ်

"ဒီဝတ္ထုစာအုပ်ရဲ့နောက်ခံကတော့ ၁၉၂၅ခုနှစ်ကနေပြီး ၁၉၆၀ ပြည့်နှစ်ဝန်းကျင်အတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ မြန်မာ့ဂီတနဲ့ပတ်သက်ပြီး မြန်မာလူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုပါပဲ။ မန္တလေးမြို့ဟာ မြန်မာ့ဂီတရော၊ မဟာဂီတပါထွန်းကားခဲ့တဲ့ မြို့ဖြစ်တဲ့အပြင် ပါတော်မူပြီးနောက်ပိုင်းမှာ မြန်မာ့အနုပညာ

အမျိုးသား စာပေဆုရရှိခဲ့သည့် စာရေးဆရာဆူးငှက်၏ "တိမ်ယံအိပ်မက်မိုးထက်နရီ" စာအုပ်မျက်နှာဖုံး။

တွေ မှေးမှိန် ပျောက်ကွယ်သွားမှာစိုးလို့ ပညာရှင်တွေ စုပေါင်းပြီး ကြိုးစားအားထုတ်ခဲ့ကြပါတယ်။ နိုင်ငံတကာမှာ ဖွံ့ဖြိုးတိုးတက်နေတဲ့ ဂီတအနုပညာပစ္စည်းတွေနဲ့ပတ်သက်ပြီး ဓားတန်းဦးသန့်နဲ့မြို့မငြိမ်းတို့က ခေတ်မီကိရိယာတွေနဲ့ ပေါင်းစပ်ပြီး မြို့မငြိမ်းအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့တယ်။ ဒါက ပညာတတ်လူငယ်တွေက မြန်မာ့ရိုးရာအနုပညာကို ခေတ်သစ်ဟန်နဲ့ ပေါင်းစပ်ပြီး ရိုးရာမပျက်ဆန်းသစ်ခဲ့တဲ့ အချက်တွေ ပေါ်လွင်အောင်ရေးသားခဲ့ခြင်း ဖြစ်ပါတယ်"ဟု စာရေးဆရာဆူးငှက်က ရှင်းပြသည်။

စာရေးဆရာဆူးငှက်(ဦးကျော်ဆန်း)အား မန္တလေးမြို့တွင် ဖခင်ဦးပေါယူနှင့် မိခင်ဒေါ်ချောရင်တို့က ၁၉၅၉ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်၌ မွေးဖွားခဲ့သူဖြစ်သည်။ မန္တလေးဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်မှ ၁၉၇၉ခုနှစ်က သိပ္ပံ(သင်္ချာ)ဘွဲ့ ရရှိခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှ စတင်ကာ ဆောင်းပါးများကို စတင်ရေးသားခဲ့သည်။ ယခုအချိန်အထိ ဝတ္ထုပေါင်းချုပ်နှင့် ဆောင်းပါးပေါင်းချုပ် ၁၆အုပ်ထုတ်ဝေခဲ့ပြီးဖြစ်ကာ စာပေရေးသားမှုကို ဆက်လက်ပြုစုရေးသားနေဆဲရှိသူ တစ်ဦးဖြစ်သည်။

မြန်မာ့စာပေပညာရှင်များက မိမိတို့ ဝါသနာကို အခြေတည်ကာ ကြိုးစားအားထုတ်ရေးသားနေမှုများကြောင့်လည်း မြန်မာ့စာပေလောက ဖွံ့ဖြိုးရှင်သန်နေခြင်းဖြစ်ပြီး ဆက်လက်လည်း ရှင်သန် ဖွံ့ဖြိုးတိုးတက်နေဦးမည်သာ ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

မဟာဝိဇ္ဇာကျမ်းကို ဆောင်းပါးပုံစံပြန်ရေးခဲ့ ရတနာဂီရိ နိဂုံးကို ဆက်လက်ရေးသားနေ

အမျိုးသားစာပေဆုရ-စာရေးဆရာဦးသန်းဆွေ (ထားဝယ်)

ထားဝယ် နိုဝင်ဘာ ၂၉ (ဖက်စ်)

မြန်မာ့အလင်းသတင်းစာတိုက် ထားဝယ်မြို့နယ် သတင်းထောက်ကနိုဝင်ဘာ ၂၈ရက်တွင်ဦးသန်းဆွေ [အမျိုးသားစာပေဆုသုတပဒေသာ(ဝိဇ္ဇာ)] အား တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော့်ရဲ့ မဟာဝိဇ္ဇာ(သမိုင်း)ဘွဲ့အတွက် ပါတော်မူပြီးနောက် ကုန်းဘောင်မင်းဆက် ကံကြမ္မာဖို့ အဓိပ္ပာယ်ရတဲ့ကျမ်းကို ပြုစုရပါတယ်။ ဒီကျမ်းကို စာအုပ်ရေးဖို့အတွက် ဆောင်းပါးပုံစံ ပြန်ရေးရပါတယ်။ ဒါက ၁၉၉၆ ခုနှစ်လောက်မှာပါ။ ဒီအချိန်ကရန့်သစ်မဂ္ဂဇင်းမှာ ကျွန်တော်ကုန်းဘောင်ရှင်းတမ်း မဂ္ဂဇင်းဆောင်းပါးတွေရေးနေပြီ၊ ကုန်းဘောင်ရှင်းတမ်းလုံးချင်း စာအုပ်ထွက်ပြီးတဲ့အခါ ကုန်းဘောင်အလွန်ကို ဆက်ရေးပါတယ်။ ကုန်းဘောင်အလွန်ဆိုတာက ကျွန်တော့် မဟာဝိဇ္ဇာကျမ်းကို ဆောင်းပါးပုံစံပြန်ရေးထားတာပါ။

ကုန်းဘောင် အလွန်ဆိုတာက ပါတော်မူပြီးတဲ့နောက်ပိုင်း ကုန်းဘောင်ထက် မင်းဆွေမင်းမျိုးတွေရဲ့ အကြောင်းပါ။ မင်းတုန်းမင်းက ဆင်းသက်တဲ့ အနွယ်တော်တွေ၊ အိမ်ရှေ့စံ ကနောင်မင်းက ဆင်းသက်တဲ့ အနွယ်တော်တွေနဲ့ သီပေါမင်းတရား အနွယ်တော်တွေအကြောင်းကို ရေးရတာပါ။

၂၀၀၁ ခုနှစ် နှစ်ကုန်ပိုင်းမှာ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း လက်ထောက်စာတည်း ဆရာချမ်းမင်းအိမ်က ထားဝယ်လာလို့ စာမူတောင်းတယ်။ သူက တစ်ပုဒ်ချင်း တောင်းတာမဟုတ်ပါဘူး။ ပင်တိုင် ဆောင်းပါးရှင်အနေနဲ့ လစဉ်ရေးပေးဖို့ တောင်းတာပါ။ ဒီတော့ ရေးနေတဲ့ ကုန်းဘောင်အလွန်ထဲက သီပေါမင်းတရား အနွယ်တော်တွေအကြောင်းကို "ရတနာဂီရိနိဒါန်းနဲ့ နိဂုံး"လို့ ခွဲပြီးရေးပေးခဲ့ပါတယ်။

၂၀၀၂ ခုနှစ် မတ်လကစပြီး ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းမှာ ပါပါတယ်။ ရတနာဂီရိနိဒါန်း စုစုပေါင်း ၃၂ ပုဒ်ရှိတယ်။ အဲဒါကို ရာပြည့်စာအုပ်တိုက်က လုံးချင်း ထုတ်ခဲ့တာပါ။ အခုအထိ ရတနာဂီရိနိဂုံးကို ရုပ်ရှင်တေးကဗျာမှာ ဆက်ရေးနေပါတယ်။

ဆက်လက် ကြိုးစား

ကျွန်တော် အဆက်မပြတ်စာရေးဖြစ်အောင်၊ စာရေးဆရာဖြစ်အောင် ရန့်သစ်မဂ္ဂဇင်းက ပွဲထုတ်ပေးခဲ့တာပါ။ နောက်ထပ် ဒိထက်မက ဆက်လက် ကြိုးစားသွားပါမယ်လို့ ပြောချင်ပါတယ်"ဟု ဦးသန်းဆွေက မြန်မာ့အလင်းသို့ ပြောကြားခဲ့ပါကြောင်း။ ။

တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ
သတင်းထောက် ခင်မောင်ကြီး(ထားဝယ်)

ဘားအံမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

ဘားအံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အသင်းတည်ရာ မြရတနာကျောင်းတိုက် ရွှေကြက်ယက်ကျောင်းဝင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်း ဗဟန်းမြို့နယ်၌ ယခုနှစ် ဒီဇင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည် ဖြစ်ရာ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသော ဘားအံမြို့နယ်သူ မြို့နယ်သားများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။

ဆက်သွယ်နိုင်

၂၀၀၇-၂၀၀၈စာသင်နှစ်တွင် အခြေခံပညာအထက်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများ အမည်စာရင်းကို ဗိုလ်မှူးအောင်ဆန်း(ရေ-ငြိမ်း) ဖုန်း-၀၉-၅၁- ၇၄၀၅၈၊ ဦးစိုးမြင့် ဖုန်း-၀၉-၅၁-၈၃၁၀၂၊ ဦးသန်းရွှေ ဖုန်း-၀၁-၅၄၈၂၀၉၊ ဦးစောမောင်မောင်ဦး ဖုန်း-၀၉-၈၀-၃၁၂၇၆၊ ဦးဉာဏ်ဝင်း ဖုန်း-၀၉-၅၀-၃၁၁၃၀၊ ဦးစောကျင်ပိုင် ဖုန်း-၀၉-၅၀-၁၁၂၂၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ခုနှစ် နိုဝင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

၃၀-၁၁-၂၀၀၈ ရက်နေ့

၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွက်

၁၄-၁၂-၂၀၀၈ ရက်နေ့နှင့်

၂၈-၁၂-၂၀၀၈ ရက်နေ့

မြန်မာ့မီးရထား လမ်းပိုင်းအသီးသီးရှိ ရထားအချိန်စာရင်းများ ပြောင်းလဲပြေးဆွဲမည်

နေပြည်တော် နိုဝင်ဘာ ၂၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် အများပြည်သူများ ခရီးသွားလာအဆင်ပြေချောမွေ့စေရေးအတွက် မြန်မာ့မီးရထား ရထားလမ်းပိုင်းများမှ ရထားအချိန်စာရင်းများကို လိုအပ်သလို ပြောင်းလဲပြေးဆွဲပေးခဲ့ရာ ၂၀၀၈ခုနှစ် ဒီဇင်ဘာ၁ရက်မှစ၍ လမ်းပိုင်းများမှ ရထားအချိန်စာရင်းများကို ပြောင်းလဲပြေးဆွဲသွားမည် ဖြစ်ကြောင်း သိရှိရသည်။

ပြောင်းလဲပြေးဆွဲမည့်ရထားများမှာ ရန်ကုန်မှ စတင်ထွက်ခွာမည့် အမှတ်(၁)အဆန်၊ အမှတ်(၇) အဆန်၊ အမှတ်(၉) အဆန်၊ အမှတ်(၂၉) အဆန်၊ နေပြည်တော် ပျဉ်းမနားမှ ထွက်ခွာမည့် အမှတ်(၂၅) အဆန်နှင့် နေပြည်တော် ပျဉ်းမနား-ရန်ကုန် အမှတ်(၁၀) အစုန်ရထားများ၊ သာစည်မှ ရပ်စောက်သို့ ပြေးဆွဲပေးမည့် အမှတ်(၁၄၃) အဆန်နှင့် အမှတ် (၁၄၄) အစုန် လူစီး ကုန်တင်ရထားများ၊ ပျော်ဘွယ်-ဘုရားငါးဆူ လမ်းပိုင်းသစ် ဖွင့်လှစ်မည်ဖြစ်၍ နေပြည်တော် ပျဉ်းမနားမှ ရွှေညောင်-လွိုင်ကော်သို့ ပြေးဆွဲမည့် အမှတ်(၁၄၁) အဆန်၊ အမှတ် (၁၄၂)အစုန်၊ အမှတ် (၁၄၇) အဆန်နှင့် အမှတ်(၁၄၈) အစုန်ရထားများဖြစ်သည်။

ဆိုက်ရောက်

ပြောင်းလဲမည့် ရထားများတွင် အမှတ်(၇) အဆန်ရထားသည် ရန်ကုန်ဘူတာကြီးမှ နံနက် ၁၁နာရီတွင် စတင်ထွက်ခွာ၍ နေပြည်တော်ပျဉ်းမနားသို့ ယင်းနေ့ ည ၇နာရီ ၄၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ပြီး ယခင်အတိုင်း ပဲခူးဘူတာနှင့် တောင်ငူဘူတာများတွင် သုံးမိနစ် ရပ်နားသွားမည်ဖြစ်ကြောင်း၊ အမှတ်(၂၉) အဆန်ရထားသည် ရန်ကုန်ဘူတာကြီးမှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင်ထွက်ခွာပြီး နောက်တစ်နေ့ နံနက် ၄ နာရီတွင်ရောက်ရှိကာ ကြားဘူတာများဖြစ်သော ပဲခူး၊ တောင်ငူ၊ နေပြည်တော် ပျဉ်းမနား၊ သာစည်ဘူတာများတွင် ခေတ္တရပ်နားသွားမည်ဖြစ်ကြောင်း၊ အမှတ်(၉)အဆန်ရထားသည် ရန်ကုန်ဘူတာကြီးမှ နံနက်၈နာရီခွဲတွင် ထွက်ခွာ၍ နေပြည်တော် ပျဉ်းမနားသို့ ယင်းနေ့ည ၉နာရီခွဲတွင် ဆိုက်ရောက်ပြီး အမှတ်(၂၅)အဆန်ရထားသည် နေပြည်တော် ပျဉ်းမနားဘူတာမှ ည၉နာရီခွဲတွင် ထွက်ခွာ၍ နောက်တစ်နေ့နံနက်၅နာရီခွဲတွင် မန္တလေးသို့ ဆိုက်ရောက်မည် ဖြစ်သည်။ ထို့အတူ အမှတ်(၁)အဆန်ရထားသည် ရန်ကုန်ဘူတာကြီးမှ ယခင်အချိန်တိုင်းထွက်ခွာ၍ မန္တလေးသို့နောက်တစ်နေ့နံနက် ၆နာရီ ၁၀မိနစ်တွင် ရောက်ရှိမည်ဖြစ်ပြီး အမှတ်(၁၀)အစုန်ရထားသည် နေပြည်တော် ပျဉ်းမနားဘူတာမှ နံနက် ၄နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ ညနေ၅နာရီ၄၅မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

ကြေညာထား

ပျော်ဘွယ်-ဘုရားငါးဆူရထားလမ်းပိုင်းသစ်ကို နိုဝင်ဘာ ၃၀ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ ဒီဇင်ဘာ ၁ရက်မှစပြီး နေပြည်တော် ပျဉ်းမနားမှ ရွှေညောင်-လွိုင်ကော်ရထားလမ်းပိုင်းပြေးဆွဲပြီး အမှတ်(၁၄၇)အဆန်ရထားသည် နေပြည်တော် ပျဉ်းမနားဘူတာမှ ည၁၀နာရီခွဲတွင် ထွက်ခွာ၍ လွိုင်ကော်သို့ နောက်တစ်နေ့ ည၈နာရီ၁၅မိနစ်တွင်လည်းကောင်း၊ အမှတ်(၁၄၁)အဆန်ရထားသည် နေပြည်တော် ပျဉ်းမနားဘူတာမှ ည ၁၁ နာရီ ထွက်ခွာ၍ ရွှေညောင်ဘူတာသို့ နောက်တစ်နေ့ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ ရွှေညောင်မှ နံနက် ၁၁ နာရီခွဲ ထွက်ခွာမည့် အမှတ်(၁၄၂)အစုန်ရထားသည် နောက်တစ်နေ့နံနက် ၃ နာရီတွင်လည်းကောင်း၊ လွိုင်ကော်မှ နံနက် ၅ နာရီ ၄၅ မိနစ်ထွက်ခွာသည့် အမှတ်(၁၄၈) အစုန်ရထားသည် နေပြည်တော် ပျဉ်းမနားဘူတာသို့ နောက်တစ်နေ့ နံနက် ၃ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ပြီး သာစည်ဘူတာမှ နံနက် ၅ နာရီထွက်ခွာမည့် အမှတ်(၁၄၃) အဆန်ရထားသည် ရပ်စောက်ဘူတာ သို့ ည ၇ နာရီ ၁၅မိနစ်တွင် လည်းကောင်း၊ ရပ်စောက်မှ နံနက် ၅ နာရီခွဲထွက်ခွာမည့် အမှတ်(၁၄၄)အစုန်ရထားသည် သာစည်ဘူတာသို့ ယင်းနေ့ ည ၈ နာရီ ၄၅ မိနစ်တွင် လည်းကောင်း ဆိုက်ရောက်မည်ဖြစ်ပြီး အဆိုပါ ပြောင်းလဲပြေးဆွဲသွားမည့် ရထားများ၏ အချိန်စာရင်းများကို သက်ဆိုင်ရာတိုင်းအသီးသီးရှိ ဘူတာရုံများတွင် ကြေညာထားရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစာစစ်အဖွဲ့မှ တက္ကသိုလ်ဝင်ကျောင်းသား ကျောင်းသူများအတွက် စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံစာစစ်အဖွဲ့က ၂၀၀၈ ခုနှစ် ပြည်နယ်နှင့်တိုင်းများတွင် စစ်ဆေးခဲ့သော တက္ကသိုလ်ဝင် စာမေးပွဲမေးခွန်းများနှင့် အဖြေများ(ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ) ဘာသာတွဲ စာအုပ်ကို ဆက်လက်ထုတ်ဝေဖြန့်ချိလိုက်သည်။**(ယာပုံ)**

အဆိုပါ စာအုပ်တွင် သက်ဆိုင်ရာ တက္ကသိုလ်များမှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများကိုယ်တိုင် ဖြေဆိုချက်များကို အမှတ်ပေးစည်းမျဉ်းနှင့်အညီ ရေးသားပြုစုထားသော စာအုပ်ဖြစ်ပြီး ကျန်ဘာသာတွဲများဖြစ်သော (ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ) နှင့် (ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ)စာအုပ်များကိုလည်း ဆက်လက်ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

တိုင်းရင်းဆေးပညာပေးဟောပြောပွဲနှင့် ဆေးဝါးလှူဒါန်း

မကွေးမြို့ ဂမုန်းပွင့်တိုင်းရင်းဆေးခန်းမှ သမားတော်ဦးသိုက်ထွန်းနှင့် သမားတော် ဒေါ်သင်းသင်းယုတို့၏ စဉ်ဆက်မပြတ် ဆောင်ရွက်လှူဒါန်းလျက်ရှိသော တိုင်းရင်းဆေးပညာပေးဟောပြောခြင်းနှင့် ဆေးဝါးလှူဒါန်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၃ရက်က မကွေးတိုင်း နတ်မောက်မြို့နယ် ဒီးဒုတ်ခင်ကျေးရွာ၌ ပြုလုပ်ရာ ကျေးရွာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပညာပေးဟောပြောပြီး အစွမ်းထက် မြန်မာတိုင်းရင်းဆေး ဆေးဝါးများ လှူဒါန်းခဲ့ကြောင်းသိရသည်။ (တိုင်းရင်းဆေး)

အမှတ်(၁)စက်မှု အထူးဈေးရောင်းချပွဲ ကောလင်း၌ကျင်းပ

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကောလင်းမြို့ ပြည်သူ့အားကစားကွင်း မုခ်ဦးရှေ့၌ နိုဝင်ဘာ ၁၁ရက် နံနက် ၈နာရီ ကကျင်းပပြီး အဆိုပါဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၁ရက်မှ ၁၇ရက် အထိ ရောင်းချခဲ့ကြောင်း သိရသည်။ (ဝ၃၂)

မိုးညိုတွင် ပန်းအလှပင်များ စိုက်ပျိုး

မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် ပန်းအလှပင်များ အစားထိုးစိုက်ပျိုးဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၄ရက်က အမှုဆောင်အရာရှိ ဦးတင်မောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်လှအောင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျေးရွာဈေးများ သန့်ရှင်းရေး မိုးကောင်း၌ဆောင်ရွက်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အဖွဲ့ပိုင်မြို့ပြနှင့်ကျေးလက်ဈေးများ သန့်ရှင်းသပ်ရပ်ရေး၊ ဈေးအင်္ဂါရပ်နှင့်အညီဖြစ်စေရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၂ရက်က အဖွဲ့ဝန်ထမ်းများ ပင်းဘောကျေးရွာအုပ်စု ဈေးအတွင်း လုပ်ငန်းများ စုပေါင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ်ပေးကြောင်း သိရသည်။ (ဝဝ၁)

လေးမျက်နှာမြို့တွင် ပန်းအလှပင်စိုက်ပျိုး

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် လမ်းမတော်လမ်းဘေးဝဲယာတွင် ပန်းအလှပင်များ မြေချစိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြေပုံမြို့၌ ကတ္တရာထပ်ပိုးလွှာခင်း

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၅ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းနှင့်အဖွဲ့ လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းထွန်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တောင်ငူမြို့ လမ်းများကောင်းမွန်ရေး ဆောင်ရွက်

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်လမ်းများကောင်းမွန်ရေး စီမံချက်များ ရေးဆွဲထားသည်နှင့်အညီ တောင်ငူမြို့ သုခလမ်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း နိုဝင်ဘာ ၁၆ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်နိုင် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းလွင်စိုး ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ဒိုက်ဦးမြို့၌ ကျောက်ချောလမ်းခင်း ဆောင်ရွက်

ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းမှ အမှတ်(၆)ရပ်ကွက် မြို့သစ်(က) ၁၁လမ်း ကျောက်ချောလမ်းခင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ဦးလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဖလမ်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်စီစဉ်ကြီးကြပ်မှုဖြင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၀ရက် နံနက် ၁၁နာရီက ဖလမ်းမြို့နယ် ဖွန်ပီးကျေးရွာ တောင်သူ ဦးဖါးရ်ထောင်၏ စိုက်ကွင်းနှင့်ဇာလိုင်ကျေးရွာ ဦးစံနိုးလျန်၏ စိုက်ကွင်းတို့၌ ကျင်းပခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

တိရစ္ဆာန်ဆေးကုသင်တန်း ဖောင်းပြင်မြို့၌ဖွင့်

မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်တိရစ္ဆာန်ဆေးကု အကူသင်တန်း (၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ရက် နံနက် ၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက အမှာစကား ပြောကြားပြီး သင်တန်းသို့ သင်တန်းသား ၄၆ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မကွေးတိုင်း ဗီဒီယိုအခြေခံအဖွဲ့ အမှုဆောင်များရွေးချယ်

မကွေး နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၂၀၀၈-၂၀၁၀ မကွေးတိုင်း ဗီဒီယိုအခြေခံအဖွဲ့ အမှုဆောင်များ ရွေးချယ်ပွဲကို နိုဝင်ဘာ ၅ရက် နံနက် ၁၁နာရီက မကွေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ရွေးချယ်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီအတွင်းရေးမှူး ဦးအောင်စိုးမင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ မကွေးတိုင်း ဗီဒီယိုစိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး မကွေးတိုင်း ရုပ်ရှင်လုပ်ငန်းစုံရုံး ဌာနခွဲမှူး ဦးအောင်ဇော်လင်းနှင့် မကွေးတိုင်း ၂၅မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ဝင်များတက်ရောက်ကြသည်။

ရွေးချယ်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ

အတွင်းရေးမှူး ဦးအောင်စိုးမင်းက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းမျဉ်း၊ စည်းကမ်းများအား ရှင်းလင်းပြောကြားပြီး ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပရာ အလုပ်အမှုဆောင် ၁၃ဦးကို ပဏာမရွေးချယ်ကြောင်း သိရသည်။ (ဝ၇၂)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံရှင်း ရေတာရှည်၌ စာပေဟောပြောပွဲ ကျင်းပရေးညှိနှိုင်း

ရေတာရှည် နိုဝင်ဘာ ၂၉

စတုတ္ထအကြိမ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲနှင့် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၉ရက် မွန်းလွဲ၁နာရီက ရေတာရှည်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အတွေ့အကြုံရှင်းလင်း

ရှေးဦးစွာ မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်(စိမ်းလန်း-ရေတာရှည်)က အဖွင့်အမှာစကား ပြောကြားသည်။ **(ဝဲပုံ)** ထို့နောက် ဗဟိုဦးစီးအဖွဲ့ ညီလာခံ ကိုယ်စားလှယ် မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ အတွင်းရေးမှူး ဦးထွေးမောင်(ရေတာရှည်-မောင်ငြိမ်းငယ်)က အစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

အကြံပြုဆွေးနွေး

ထို့နောက် ရေတာရှည်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ၂၀၀၉ခုနှစ်အတွက် ထုတ်ဝေသော ပြက္ခဒိန်များ ဖြန့်ဝေရောင်းချမှု အခြေအနေကိုလည်းကောင်း၊ ၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေ ဟောပြောပွဲနှင့် စာပေပြိုင်ပွဲများ ကျင်းပနိုင်ရေး ညှိနှိုင်းကြပြီး တက်ရောက်လာကြသော စာပေဝါသနာရှင်များက အကြံပြု ဆွေးနွေးကြသည်။

(စာပေစာနယ်ဇင်း)

ဥတုရာသီ တောကိုမှီ၏

လှိုင်သာယာမြို့နယ် (၁၁)ရပ်ကွက် လေဘေးသင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပြန်လည်တည်ဆောက်ရေး စည်းဝေး

လှိုင်သာယာ နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ် (၁၁)ရပ်ကွက် လေဘေးသင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပြန်လည်တည်ဆောက်နိုင်ရေး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်စိုးနီတို့ ဦးဆောင်၍ ရပ်ကွက်အတွင်းမှ စာပေဝါသနာရှင်များ၊ စေတနာရှင် အလှူရှင်များ၊ ပြည်သူများနှင့် အစည်းအဝေးကို နိုဝင်ဘာ ၁၆ရက်က ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးနှင့် စာဖတ်ရှိန် မြင့်တင်နိုင်ရေးအတွက် အဓိကကိုယ်ပိုင် အဆောက်အအုံ အမြန်ဆုံး တည်ဆောက်နိုင်ရေး ဆွေးနွေးသည်။

ပြန်လည်တည်ဆောက်

ဆက်လက်၍ စာကြည့်တိုက်ကော်မတီကို ဖွဲ့စည်းပြီး ပြန်လည်တည်ဆောက်မည့် စာကြည့်တိုက်ပုံစံနှင့် ခန့်မှန်းကုန်ကျငွေများကို ဆွေးနွေးကြရာ စေတနာရှင်ပြည်သူများ ပထမအကြိမ် လှူဒါန်းသော ငွေကျပ် ၂၃၀၀၀၀နှင့် ဘိလပ်မြေ သုံးအိတ်ကို စာကြည့်တိုက်ဘဏ္ဍာရေးမှူး ဦးဌေးလွင်က လက်ခံကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟဲဟိုး၌ နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်

နိုဝင်ဘာ ၂၀ရက်က တောင်ကြီးခရိုင် ကလောမြို့နယ် ဟဲဟိုးအခြေခံပညာ အထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တောင်ကြီးခရိုင် ဦးစီးဌာနမှူး ဦးမြင့်ရွှေက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်မေမျိုးဦးထံ ပေးအပ်စဉ်။ (ပြည်နယ် ပြန်/ဆက်)

■ ရှေ့ဖုံးမှ

တောင်ငူခရိုင်အတွင်းရှိ မိုးကောင်းကျေးရွာအနီး မိုးကောင်းကွင်းသို့ ရောက်ရှိခဲ့ကြသည်။ မိုးကောင်းကွင်း တစ်ကွင်းလုံး ရိတ်သိမ်းရန် အသင့်ဖြစ်နေသောစပါးခင်းများ၊ ဖူးတံအစီအရီဖြင့် ကြီးထွားဖွံ့ဖြိုးနေသည့် စပါးနှံများကို အနီးကပ် လေ့လာကြည့်လိုက်ရာ အနှံအတွင်း အဖျင်း၊ အညှပ် သီးနှံများမပါရှိသလောက်အောင် ဖြစ်ထွန်းနေသည်ကို တွေ့ရသည်။

"တောင်ငူခရိုင် အတွင်းမှာ ၂၀၀၈- ၂၀၀၉ခုနှစ်အတွက် မိုးစပါးစိုက်ဧက ၅၅၅၆၀၀နဲ့ စပါးထွက်ရှိနှုန်းက တစ်ဧကတင်း ၈၀နှုန်းလို့ မျှော်မှန်းခဲ့တာပါ။ တကယ်တမ်း စိုက်ပျိုးနိုင်ခဲ့တာက ၅၆၂၈၉၆ဧကဖြစ်ပြီး ထွက်ရှိခဲ့တာက တစ်ဧက ၈၂ဒသမ၆၀တင်းနှုန်းဖြစ်လို့လျာထားချက်ကို ကျော်လွန်ခဲ့ပါတယ်။ ခြုံပြီးပြောရရင်တော့ တောင်ငူခရိုင်အတွင်းမှာ မိုးစပါးထွက်ရှိမှု လျာထားတင်းပေါင်း ၄၄၅သိန်းဖြစ်ပြီး အမှန်တကယ်ထွက်ရှိခဲ့တာက စပါးတင်းပေါင်း ၄၆၅သိန်း ဖြစ်ပါတယ်။ ဒါကြောင့် ရည်မှန်းချက်ထက်စပါးတင်းသိန်းပေါင်း ၂၀တိုးမြင့်ထွက်ခဲ့တယ်။ ဒီထွက်နှုန်းဟာ မနှစ်ကထက် စပါးတင်းပေါင်း ၂၂သိန်း ပိုပြီးထွက်ရှိခဲ့တယ်လို့ ဆိုရမှာပါ"ဟု တောင်ငူခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခရိုင်မန်နေဂျာ ဦးသက်ဇင်မောင်က ရှင်းပြသည်။

"မနှစ်ကထက် မိုးစပါးတင်း ၂၂သိန်းပိုပြီး ထွက်ရှိခဲ့ပါတယ်"
ဦးသက်ဇင်မောင်
တောင်ငူခရိုင်မန်နေဂျာ
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
(မြန်မာ့အလင်း)

ရိတ်သိမ်း

မိုးကောင်းကွင်းအတွင်းရှိ လယ်တဲတစ်တဲဆီသို့ ကန်သင်းရိုးပေါ်မှ ဖြတ်လျှောက်လာခဲ့ရာ တချို့လယ်ကွက်များက ရိတ်သိမ်းပြီး ဖြစ်နေသည်ကို တွေ့ရသည်။ ရိတ်သိမ်းပြီး ကောက်လှိုင်းများ အစုလိုက်အပုံလိုက် ရှိနေသလို တချို့လယ်ကွက်များ၌ရိတ်သိမ်းနေကြသည်ကိုလည်း လှမ်းမြင်ရသည်။

"လာကြဆရာတို့။ အကြမ်းရည်သောက်ပါဦး၊ နွေးနွေးထွေးထွေးရှိသွားအောင်"ဟု တဲအတွင်းမှ ဖိတ်ခေါ်သံနှင့်အတူ တောင်သူကြီးတစ်ဦး ထွက်လာသည်။ အရပ်မြင့်မြင့်၊ ခန္ဓာကိုယ် တောင့်တောင့်တင်းတင်းနှင့် မျက်နှာ၌ ရိုးသားသော အပြုံးက အထင်းသား။ တဲအတွင်း ရောက်ပြီး သိလိုသည်များကို မေးမြန်းရသည်။

"ကျွန်တော့်အမည်က ဦးသန်းမြင့်၊ မိုးကောင်းကျေးရွာမှာ နေပါတယ်။ အခုကျွန်တော် စပါးစိုက်တာက မိုးကောင်းကွင်းပေါ့။ စိုက်ဧက ၁၂၀ရှိပါတယ်။ မိုးစပါးတချို့ လယ်ကွက်တွေ ရိတ်သိမ်းပြီးပါပြီ။ တစ်ဧက တင်း၈၀ကျော် ထွက်ပါတယ်။ ကျွန်တော့်အနေနဲ့ ထွန်စက်ရော၊ ကျွဲနွားပါ သုံးပြီး စိုက်ပျိုးတာမို့ အချိန်မီ ထွန်ယက် စိုက်ပျိုးလို့ပြီးတော့ စပါးအထွက်လည်း မည့်ဘူးပေါ့။ စပါးတွေကိုတော့ ဒေသကုန်သည်တွေဖြစ်တဲ့ ဆန်းပွင့်လင်း၊ ဦးပေါလှ၊ ဦးစိုးမြင့်၊ ဦးသိန်းဟန်စတဲ့ ကုန်သည်တွေက လာဝယ်နေကြတာပဲ၊ တောင်သူတွေလည်း ဒေသပေါက်ဈေးနဲ့တော့ရောင်းနေကြတာပါ"ဟု ကွမ်းများ တမြုံ့မြုံ့ဝါးရင်း ဖြေကြားသည်။

အသုံးပြု

စပါးစိုက်တောင်သူကြီး ဦးသန်းမြင့်ကား ခေတ်မီနည်းပညာများကို ပေါင်းစပ်အသုံးပြုနေသူ၊ စပါးအထွက်တိုးနိုင်မှု၊ စပါးရိတ်သိမ်း ခြွေလှေ့နိုင်မှုများကို ခေတ်မီနည်းစနစ်များဖြင့် စူးစမ်းရှာဖွေ အသုံးပြုနေသူတစ်ဦးပင်ဖြစ်သည်။ တောင်သူ ဦးသန်းမြင့်က တဲအပြင်ထွက်ပြီး စပါးစိုက်ခင်းများကို လိုက်လံပြသသလို မြေလွတ်မြေရိုင်းအပိုင်း၌ ကန်စွန်းရွက်စိုက်ခင်း ပြုလုပ်ထားပုံကိုလည်း ပြသလေသည်။ မြေကြီးကိုတန်ဖိုးရှိစွာ အသုံးပြုနေသူ ပင်ဖြစ်သည်။

ထို့နောက် ဆိပ်ဖူးတောင် ကျေးရွာဘက် ဆက်လက်ထွက်ခွာခဲ့သည်။ တစ်ကွင်းလုံး ဝင်းဝါနေသော စပါးစိုက်ခင်းများ၊ စက်များအကူအညီဖြင့် ခြွေလှေ့နေမှုများကို မြင်တွေ့ရသည်။ လယ်ကွက်အတွင်း အလုပ်လုပ်နေသူ တောင်သူ ဦးလှရွှေက "ဒီကွင်းက ပသိချောင်းကွင်းလို့ခေါ်တယ်။ ပသိဆည်ရေ သောက်ကွင်းပေါ့။ ကျွန်တော်က စပါး ၁၀ဧက စိုက်ပျိုးထားတာ ရိတ်တော့မှာပါ။ မျိုးတွေကတော့ ရွှေပြည်တန်နဲ့ ဆင်းသွယ်လတ်မျိုးတွေ ဖြစ်ပါတယ်။ လက်ရှိအခြေအနေက မြင်တဲ့အတိုင်းပါပဲ။ တစ်ဧက ၈၅တင်းလောက်တော့ သေချာပေါက်ထွက်မှာဆိုတော့ မနှစ်ကထက် အထွက်တိုးမှာပါ။ ကုန်သည်တွေကတော့ ဒေသပေါက်ဈေးနဲ့ အခုကတည်းက လာဝယ်နေကြပါပြီ"ဟု ပြောပြသည်။

တောင်သူများကား ဒေသပေါက်ဈေးနှင့် စပါးများ ရောင်းချသည်ဆိုသဖြင့် မေးမြန်းကြည့်ရာ ကျွန်တော်တို့အတွက် မြတ်လို့ရောင်းတဲ့ ဒေသပေါက်ဈေးကို ပြောတာပါဟု ၎င်းက ရှင်းပြသည်။

ပြင်ဆင်

ထို့နောက် ဖြူးမြို့နယ်သို့ မော်တော်ယာဉ်ဖြင့် ဆက်လက် ထွက်ခွာခဲ့သည်။ တောင်ငူမြို့မှ ဖြူးမြို့သို့ သွားရာ လမ်းတစ်လျှောက်၌ မိုးစပါးစိုက်ခင်းများ ရိတ်သိမ်းပြီးဖြစ်နေသည်ကို တွေ့ရသည်။ အချို့လယ်ကွင်းများက ရွှေဝါရောင်သန်းကာ မကြာမီ ရိတ်သိမ်းရမည့် အနေအထားရောက်ရှိနေပြီဖြစ်သည်။ တချို့ လယ်ကွက်များတွင် နွေစပါးအတွက် ပြင်ဆင်နေသည်ကို တွေ့ရသည်။

ဖြူးမြို့သို့ ရောက်ရှိသည်နှင့် ဖြူးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးလှသိန်းက ကြိုက်သည့် လယ်ကွင်းသို့ သွားရောက်လေ့လာနိုင်သည်ဆိုသဖြင့် ဖြူးမြို့အနောက်ဘက်ရှိ လယ်ကွင်းများသို့ ထွက်လာခဲ့သည်။

ညှိနှိုင်းဆောင်ရွက်

ဖြူးမြို့နယ်မှာ မိုးစပါးစိုက်ဧက ၁၅၃၇၅၁ဧကစိုက်ပျိုးခဲ့ပြီးလက်ရှိအနေအထားမှာတော့ တစ်ဧက၈၅တင်းခွဲနှုန်းထွက်တာမို့ မနှစ်ကထက် မိုးစပါးပိုပြီး ထွက်ခဲ့ပါတယ်။ နွေစပါးဆိုရင်လည်း မနှစ်က ၈၁၂၅ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဒီနှစ် ဧက ၉၃၀၀ စိုက်နိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ နွေစပါးကိုတော့ ဖြူးချောင်းနှင့် ကွင်းချောင်းတို့က ရေတွေနဲ့ ဒီဇင်ဘာ ၁၅ရက်မှာအပြီး စိုက်ပျိုးသွားမှာပါ"ဟု စပါးကွင်းများဆီသို့ သွားရင်း ဖြူးမြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးလှသိန်းက ရှင်းပြသည်။ **တောင်သူများ စိုက်ပျိုးရာတွင် လည်းကောင်း၊ ရိတ်သိမ်းမှုနှင့် ရောင်းချမှုတို့တွင် တိုင်း၊ ခရိုင်နှင့်မြို့နယ်များမှ တာဝန်ရှိသူများက ကုန်ကျစရိတ် ကာမိစေရန် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**

ဖြူးမြို့အနီး ရေတော်မိုးတော်ကွင်းသို့ ရောက်သည့်အခါ ဝင်းမှည့်နေသော စပါးခင်းများအတွင်း စပါးရိတ်သိမ်းနေသော တောင်သူကြီးတစ်ဦးကို မေးမြန်းရာ "အမည်က ဦးဗိုလ်ဝလို့ခေါ်ပါတယ်။ နတ်ရေကန်ရွာသားပါ။ ဒီနှစ်မိုးစပါး၂၄ဧက စိုက်ပျိုးခဲ့တာ ရိတ်သိမ်းနေပါပြီ။ ကျွန်တော့် လယ်ကွက်တွေက ဒီနှစ် တစ်ဧက စပါး ၈၅တင်းလောက်ထွက်မယ်လို့ ခန့်မှန်းထားပါတယ်။ မနှစ်က စုစုပေါင်း စပါးတင်း၂၀၀၀လောက် ထွက်ခဲ့တာဆိုတော့ ဒီနှစ်စပါးတင်း၂၀၀၀ကျော် ထွက်မယ်လို့ထင်ပါတယ်။ ကျွန်တော် ရိတ်ပြီးသမျှ စပါးတွေကို ဒေသကုန်သည်တွေဖြစ်တဲ့ ရွှေပြည်စိုး၊ ခြသေ့မင်းဆန်စက်နှင့်ပွဲရုံတွေက ဝယ်ယူခဲ့တာမို့ လက်ကျန်စပါး မရှိပါဘူး။ နွေစပါးလည်း အပြည့်အဝစိုက်ပျိုးဖို့ ပြင်ဆင်နေပါပြီ"ဟု ကောက်လှိုင်းစည်းများကို လှည်းပေါ် တင်ရင်း ဖြေကြားသည်။

ရိတ်သိမ်းပြီး မိုးစပါးများကလည်း ဤသို့ တောင်ပုံရာပုံ....။ (မြန်မာ့အလင်း)

ရေတာရှည်မြို့နယ်အတွင်း ရိတ်သိမ်းပြီးစပါးများကို တောင်သူများက လယ်ကွင်း၌ပင် ခြွေလှေ့စက်ဖြင့် ခြွေလှေ့နေကြသည်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ရေတာရှည်မြို့နယ် ညောင်ပင်သာရွာရှိ ဆန်စက်ရှေ့တွင် ဝယ်ယူထားသော ဆန်အိတ်များကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ဖြူးမြို့နယ်အတွင်း စပါးစိုက်ခင်းများမှာ နှစ်စဉ်အပျက်အစီးနှင့် ဆုံးရှုံးမှု သိပ်မရှိချေ။ မြေနှင့်ရေတို့မှာ စိုက်ပျိုးမှုဖြစ်ထွန်းရန် ကြီးမားသော အထောက်အပံ့ ပေးလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။

အထွက်နှုန်း

ဖြူးမြို့နယ်မှတစ်ဆင့် ရေတာရှည်မြို့နယ်သို့ မော်တော်ယာဉ်ဖြင့် ဆက်လက် ထွက်ခွာခဲ့သည်။ တောင်ငူခရိုင်အတွင်းရှိ ရေတာရှည်မြို့နယ်သည်လည်း စပါးစိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းသော မြို့နယ်တစ်ခု ဖြစ်သည်။ ရေတာရှည်မြို့နယ်အဝင်၌ တံရိုးကျေးရွာအုပ်စု၏ မြို့ဝင်ဧက ၁၀၀၀ စံပြစိုက်ကွက်ကို တွေ့မြင်ခဲ့သည်။ ဆင်းသွယ်လတ်မျိုးစပါးများမှာ အပင်ညွှတ်အောင် သီးလျက်ရှိနေသည်။ ဤစံပြစိုက်ခင်းသည် ဧက ၁၀၀၀ရှိကာ ၃၀ရာခိုင်နှုန်းရိတ်သိမ်းပြီးနေပြီး ဆက်လက်ရိတ်သိမ်း နေကြသည်။ အထွက်နှုန်းမှာ တစ်ဧကစပါးတင်း ၁၀၀ရှိသည်ဟု ဆို၏။

ရေတာရှည်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်ရုံး၌ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ဝင်းက "ရေတာရှည်မြို့နယ်မှာကျေးရွာအုပ်စု ၅၀ကျော်ရှိတယ်။ ဒီနှစ် မိုးစပါးစိုက်ဧက ၈၃၀၀၀ စိုက်ပျိုးခဲ့ပြီး နွေစပါးဧက၃၀၀၀၀စိုက်ပျိုးသွားမှာပါ။ မနှစ်က မိုးစပါး စိုက်ဧက၈၁၅၀၀ရှိခဲ့ရာမှာ ဒီနှစ်ဧက ၈၃၀၀၀ ဖြစ်ပါတယ်။ မိုးစပါးထွက်ရှိမှု တင်း ၆၉၀၄၇၇၀ လျာထားတာကျော်လွန်ခဲ့ပြီး လျာထားတာ တင်း၂၅၇၄၀၀၀ကိုလည်း ပြည့်မီကျော်လွန်အောင် ထွက်မယ်လို့ ယုံကြည်နေပါတယ်"ဟုရှင်းပြသည်။

ထို့နောက် စပါးခင်းများဘက်သို့ ထွက်လာခဲ့ပြီး တောင်သူတစ်ဦးအား တွေ့ဆုံမေးမြန်းရာ "နာမည်က ကိုခင်မောင်သိန်းလို့ ခေါ်ပါတယ်။ ကက္ကူရွာသားပါ။ ဒီကွင်းက နတ်တောင်ကွင်းဖြစ်ပြီး ကျွန်တော်က ၁၀ဧက စပါးစိုက်ပျိုးပါတယ်။ မိုးစပါးကတော့ ရိတ်သိမ်းပြီးပြီ။ တစ်ဧကတင်း ၈၀ကျော်ထွက်တာ အကုန်ရောင်းချလိုက်ပါပြီ။ ကုန်သည်တွေက မန္တလေးနဲ့ နေပြည်တော် လယ်ဝေးတို့က လာဝယ်ကြပါတယ်"ဟု ဖြေကြားသည်။

ပြည်ပတင်ပို့

တစ်ဖန် စပါးကွင်းအတွင်း ခြွေလှေ့စက်ဖြင့် စပါးများ ခြွေလှေ့နေသော တောင်သူတစ်ဦးဖြစ်သူ ဦးတင်ဝင်းက "မိုးစပါး ၂၂ဧက စိုက်ထားတာ စပါးတင်း ၁၈၀၀ကျော် ထွက်ပါတယ်။ အချိန်ကုန် သက်သာပြီး အလုပ်မြန်မြန်ပြီးတဲ့ ခြွေလှေ့စက်နဲ့ အသုံးပြုနေတာ ပြီးတော့မယ်။ ဒီစပါးတွေက ဒေသကုန်သည်တွေ လာဝယ်ကြတယ်။ ကျွန်တော့်စပါးတွေ အကုန်ရောင်းချပြီးပါပြီ"ဟုဖြေကြားသည်။ **နိုင်ငံတစ်ဝန်း ထွက်ရှိသော ဆန်စပါးများကို ပြည်ထောင်စု မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ ကုမ္ပဏီများ၊ ဒေသကုန်သည်များနှင့် ဆန်စက်များက ဝယ်ယူကြိတ်ခွဲရောင်းချနေသည့်အပြင် ပြည်ပသို့လည်း တင်ပို့ပေးနေသဖြင့် စပါးစိုက် တောင်သူတို့အတွက် ဝယ်လက်များက အသင့်ရှိနေသည်။**

လယ်ကွက်အတွင်း ခြွေလှေ့စက်ဖြင့် စပါးများခြွေလှေ့နေမှုကို ရပ်ကြည့်နေမိသည်။ တောင်သူလယ်သမားများ ခေတ်မီ စက်ပစ္စည်းများအား ကိုင်တွယ်အသုံးပြုနိုင် နေကြသည်ကို တွေ့ရသဖြင့် ဝမ်းသာစိတ်ဖြစ်ရသည်။

ထို့နောက် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲနေသော ညောင်ပင်သာရွာရှိ ဦးတိုးအောင် ဆန်စက်သို့ သွားရောက် လေ့လာခဲ့သည်။ တစ်နေ့ စပါးတင်း ၅၀၀ခန့် ကြိတ်ခွဲနိုင်သည့် ဆန်စက်ဖြစ်ပြီး စပါးဝယ်ယူမှုနှင့် ပတ်သက်၍ ဆန်စက်ပိုင်ရှင် ဦးတိုးအောင်က "နေ့တိုင်း စပါးတွေဝယ်ယူကြိတ်ခွဲနေတာပါ။ ဈေးကတော့ ဒေသပေါက်ဈေးအတိုင်းပါပဲ။ အများဆုံး ဝယ်ယူတာက ဆင်းသွယ်လတ်၊မနော သုခ၊ သုခထွန်း စတဲ့စပါးတွေကို ဝယ်ယူနေပါတယ်"ဟု ရှင်းပြသည်။

သတင်းအဖွဲ့ ရေတာရှည်မြို့နယ်က ပြန်အထွက် နေလုံးပျောက်ပြီး မှောင်ရိပ်ကျလာပြီဖြစ်သည်။ အပြန်ခရီးတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများ၊ စပါးများ၊ ဝယ်ယူကြိတ်ခွဲနေသော ဒေသ ဆန်စက်များ၊ ဆန်အိတ်များကို ၁၀ဘီးကားကြီးများအပေါ်တင်နေမှု မြင်ကွင်းကား မျက်စိထဲက မထွက်တော့။ ။

(မြန်မာ့အလင်း)

နွေစပါးအတွက် ပြင်ဆင်နေသလို ကန်စွန်းစိုက်ခင်းအတွက်လည်း ပြင်ဆင်ထွန်ယက်နေကြသည့် တောင်သူများကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

● *ကျောဖုံးမှ*

ကျောက်ဖြူ ရေငန်ပုစွန် သားဖောက် ထုတ်လုပ်ရေးစခန်းသို့ လေ့လာရာ ကျောက်ဖြူခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းတင်၊ စခန်းတာဝန်ခံ ဦးခင်မောင်ရီတို့က ရေငန်ပုစွန် သားဖောက်လုပ်ငန်းကို လိုက်လံပြသသည်။

ကျောက်ဖြူ ရေငန်ပုစွန် သားဖောက်စခန်းသည် ကျောက်ဖြူမြို့မှ ၁ မိုင် ၃ ဖာလုံခန့်ကွာ စေတီယျကျေးရွာတွင်ရှိပြီး စခန်း အကျယ်အဝန်း ဝ ဒသမ ၇၇ ဧကပေါ်တွင် ရုံးခန်းနှင့် အလင်းရောင်လုံ အဆောက်အအုံများ၊ ရေငါးတန်ဆံ့ သားလောင်းပြုစုကန် ၁၀ လုံး၊ ရေ တန်၂၀ ဆံ့ သားပေါက်ပြုစုကန် လေးလုံး၊ ရေ ၁၀ တန်ဆံ့ မျိုးစပ်ကန် နှစ်လုံး၊ ပင်လယ်ရေ တန် ၂၀ ဆံ့ ရေကန်နှစ်လုံး၊ ရေ ၁၅ တန်ဆံ့ ပိုးသတ်ကန် နှစ်လုံး၊ ရေစစ်ကန် တစ်လုံးတို့ ဆောက်လုပ်ထားသည်။

ထူးခြားသည့်မိခင်

ရေငန်ပုစွန်သားပေါက်လုပ်ငန်းသည် စိတ်ဝင်စားဖွယ် ကောင်းလှသည်။ ရေအနက် ပေများသည့် ပင်လယ်ပြင်ရှိရာ ကမ်းဝေးသဘော်များတွင် ကိုးလက်မ အရွယ်ရှိပြီး ဥချနိုင်သော ပုစွန် တစ်ကောင်လျှင် ကျပ် ၂၀၀၀၀ (ကျပ်နှစ်သောင်း)နှင့် ပေးဝယ်ကာ အလင်းရောင်လုံသည့်ဖြင့် ကြည့်ရှုသိနိုင်ပြီး ဥချမည့်ကန်သို့ ပြောင်းရွှေ့ကာ မျက်စိနှင့်ကြည့်လျှင် လုံးဝမမြင်နိုင်သော ဥများချစေပါသည်။ အမှောင်ထဲတွင် မွေးဖွား၍ အမှောင်ထဲတွင် ကြီးပြင်းရသော ကျားပုစွန်ဖြစ်သည်။

တိုက်ဂါးကျားပုစွန် တစ်ကောင်သည် ပထမအကြိမ် ဥ ရှစ်သိန်းခန့် ချထားပေးပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ပုစွန်ကို ပြုပြင်ပြီး ထပ်မံသားဖောက်ရန် ဒုတိယအကြိမ် ခြောက်သိန်းခန့်နှင့် တတိယနောက်ဆုံးအကြိမ် ဥငါးသိန်းခန့် ချထားပေးသဖြင့် ပုစွန်တစ်ကောင်သည် ပုစွန် ၁၄ သိန်းခန့် မွေးဖွားပေးနိုင်သော စံချိန်တင်မိခင် ဖြစ်သည်။

မွေးမြူနိုင်

ပေါက်ဖွားစ ပုစွန်ငယ်များ စားသောက်နိုင်သည့် အစာများကို စခန်းတာဝန်ခံမှကြီးကြပ်၍ ခေတ်မီ နည်းပညာဖြင့် ကျွေးမွေးပြုစုရသည်။ ပင်လယ်ရေဖြင့် ကြီးပြင်းခဲ့သော တိုက်ဂါးကျားပုစွန်မှ မွေးဖွားသဖြင့် ပုစွန်ငယ်များကိုလည်း ပင်လယ်ရေဖြင့်သာ မွေးမြူရသဖြင့် ပင်လယ်ကမ်းစပ်၌သာ မွေးမြူနိုင်သည်။

ပင်လယ်ရေ အငန်/နှုန်း ၂၈ PPT မှ ၃၀ PPT ရှိ ပင်လယ်ရေများတွင် ပုစွန်ငယ်များအား ၄၅ ရက်အတွင်း အဆင့်ဆင့် သတ်မှတ်ချိန်အတိုင်း ပြောင်းရွှေ့ မွေးမြူရသည့် လုပ်ငန်းကလည်း အရေးပါလှသည်။ ငွေကျပ်၂၅၀၀၀ ခန့်ကို ရင်းနှီးရုံမျှဖြင့် ငွေကျပ် ၂၅ သိန်းကျော် ရရှိသည်။ တကယ့် စိန်ပုစွန်များပင် ဖြစ်သည်။

အလင်းရောင်နှင့်အအေးဒဏ်

သို့သော် အမြင်လွယ်သလောက် နည်းပညာနှင့် ကြိုးစားအားထုတ်မှုများကား အတော်ပင် ဆောင်ရွက်ရသည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်သည်။ မိုးရာသီ၌ ဝယ်သူမရှိက လုပ်ငန်းရပ်ထားရပြီး မီးစက်မှာ လုံးဝရပ်ထားခြင်းမရှိဘဲ ၂၄ နာရီ မောင်းနေရသည်။ သားပေါက်ငယ် ပုစွန်များနှင့် ပုစွန်မိခင်ကြီးမှာ အလင်းရောင်နှင့် အအေးဒဏ်ကို လုံးဝမခံနိုင်ပေ။

"ကျွန်တော်တို့စခန်းက ၄၅ ရက် တစ်ကြိမ် ကောင်ရေ တစ်သန်းခွဲ ထုတ်နိုင်ပါတယ်။ ဝယ်သူမရှိရင် ထုတ်လုပ်သမျှ ဆုံးရှုံးပါတယ်။ ဒီဒေသမှ ပုဂ္ဂလိက သဘာဝပုစွန်ကန်တွေ ရှိပါတယ်။ အဲဒီ သဘာဝပုစွန်ကန်တွေဟာ အလိုအလျောက် ပုစွန်တွေ ကန်ထဲဝင်လာပြီး မွေးမြူနေတာ ကျွန်တော်တို့ဆီက သားပေါက်တွေ မဝယ်ပါဘူး။ မနှစ်က လုပ်ငန်းရှင်တစ်ဦးက ကျွန်တော်တို့ဆီက ပုစွန်သားပေါက်တွေဝယ်ပြီး မွေးမြူရေးလုပ်ငန်းအောင်မြင်သွားလို့ အချို့လုပ်ငန်းရှင်တွေက ဒီနှစ်မှာ ကျွန်တော်တို့ဌာနဆီမှာလာမယ်လို့သိရပါတယ်" ဟု စခန်းတာဝန်ခံက ရှင်းပြသည်။

အပြစ်အနာအဆာကင်းသော ပုစွန်များရရှိရန် ဤသို့ သန့်စင်ရွေးချယ်ပေးရသည်။ (မြန်မာ့အလင်း)

ကန်တွင် မွေးမြူရသည်။ ပုစွန်၏ ကျောအကြေးခွံတွင် အမည်းရောင်သန်းနေသည့် ဥ ရှစ်သိန်းခန့်ကို ကြည့်ရုံဖြင့်မြင်တွေ့နိုင်သည်။ သန္ဓေသားကို ဝမ်းတွင်မလွယ်၊ ခါးတွင် တွယ်ထားသည့် ထူးခြားသည့် မိခင်ဖြစ်သည်။

ပုစွန်သားပေါက် လုပ်ငန်းမှာ တိုက်ဂါးကျားပုစွန်ကို အလင်းရောင်လုံသည့်ကန်တွင် မွေးမြူထားပြီး ဥချရန်အသင့် ဖြစ်မဖြစ်ကို ကျွမ်းကျင်မှု အလင်းရောင် လုံးဝမရှိဘဲ အမှောင်ထဲ၌သာ ဆောင်ရွက်ကြရသည်။

(PL.15) ၂၇ မီလီမီတာ ၄၅ ရက်ပြည့်လျှင်ပုစွန်သားပေါက်မှ မီးခြစ်ဆံအရွယ်အဖြစ် ရောက်ရှိရပြီး ပုဂ္ဂလိက ပုစွန်မွေးမြူရေးသမားများထံ တစ်ကောင်ကို ခြောက်ကျပ်မှ ခြောက်ကျပ်ခွဲအထိ ရောင်းချရာ ငွေကျပ် ၁၀ သိန်းကျော် ရရှိပေသည်။ ဒုတိယအကြိမ်နှင့် တတိယအကြိမ်တွင် ငွေကျပ် ၁၅ သိန်းကျော် ရရှိသဖြင့်

ဟန်ချက်ညီညီ

သဘာဝကလာသည့် ပုစွန်တွေဘယ်မျှရှိသည်ကို ကန်ပိုင်ရှင်များက မသိပါ၊ အများအားဖြင့် ထင်သလောက် မရသည့်အခါ ထုတ်လုပ်မှု ကျဆင်းသွားသဖြင့် ယခုအခါ ဒေသခံ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များသည် ပုစွန်ကောင်ရေ တိတိကျကျသိရှိ မွေးမြူလာသည့် နိုးကြားသော အသိစိတ်ဓာတ်ကြောင့် ကျောက်ဖြူ ပုဂ္ဂလိက ပုစွန်မွေးမြူရေးလုပ်ငန်းသည် သိသိသာသာ အရှိန်အဟုန်ဖြင့် တိုးတက်မည်ကား မလွဲတော့ပါ၊ လုပ်ငန်းတိုးတက်လာသည်နှင့် အမျှ ဝင်ငွေမှာလည်း ဟန်ချက်ညီညီ တိုးတက်လာမည်ကား အမှန်ပင်ဖြစ်သည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ကျောက်ဖြူမြို့နယ် ရေလုပ်ငန်းရှင်များထံ သွားရောက် ကြည့်ရှုလေ့လာခဲ့ကြသည်။ ကျောက်ဖြူမြို့တွင် ပြည်ပတင်ပို့သည့် ပုစွန်အအေးခန်း စက်ရုံနှစ်ရုံနှင့် ကျောက်ပုစွန်၊ ကင်းပုစွန်၊ ခုံးကောင်၊ လုပ်ငန်းရှင်နှစ်ဦး၊ ပုစွန်ငါးအဝယ်ဒိုင် ၁၈ ဒိုင်၊ ကမ်းနီးသွားစက်တပ်ယာဉ် အစင်း ၃၀၀၊ ကမ်းဝေးသွား စက်တပ်ယာဉ် (အခြားမြို့နယ်အပါအဝင်)အစင်း ၈၀၀၊ ငါးခြောက်၊ ပုစွန်အဝယ်ဒိုင် လက်လီလက်ကား ဖြန့်ဖြူးဆိုင် ၂၅ ဒိုင်နှင့် ဆားနယ်ဒိုင် နှစ်ဒိုင်တို့ရှိကြောင်း သိရသဖြင့် ပြည်ပတင်ပို့သည့် အအေးခန်းစက်ရုံများသို့ ဦးစွာ လေ့လာခဲ့သည်။

စေတီယျကျေးရွာမှာပင် ရှိသည့် ၃ ဒသမ ၈ ဧက ကျယ်ဝန်းသည့် မြေပေါ်တွင် စက်ရုံများ ဆောက်လုပ်ကာ ပြည်ပသို့ ပုစွန်တင်ပို့နေသည့် Peace Makers Ltd. NCR တန် ၁၀၀ ဆံ့ ရေခဲစက်နှင့် အအေးခန်းစက်ရုံကို သွားရောက် လေ့လာရာ စက်ရုံမန်နေဂျာ ဦးသန်းထွန်းက စက်ရုံအတွင်း ထုတ်လုပ်တင်ပို့မှု၊ သိုလှောင်ထားမှုများကို ပြသသည်။

သတင်းအဖွဲ့ ရောက်ရှိချိန်တွင် လုပ်သားများ မရှိတော့ဘဲ အအေးခန်းအတွင်း ပြည်ပသို့ပို့ရန် အသင့်ထုပ်ပိုးထားသည့် ပုစွန်များကို ပြသသည်။ ဒေသခံတိုင်းရင်းသား လုပ်ငန်းရှင်တစ်ဦး၏ပြည်ပဝင်ငွေရရှိရန် ကြိုးပမ်းမှုကို ချီးကျူးမိသည်။

ရွေးချယ်

NCR စက်ရုံမှာ လုပ်သား ၉၆ ဦးရှိပြီး အနိမ့်ဆုံးလစာမှာ ကျပ်နှစ်သောင်းမှ အများဆုံး ကျပ်ခုနစ်သောင်းခန့် ထောက်ပံ့နိုင်ကြောင်း၊ ပုစွန်ဘေးထွက်ပစ္စည်းများကို လုပ်သားများသို့ အခမဲ့ပေးဝေကြောင်းနှင့် ဝန်ထမ်းများလစာ၊ ကီလိုကြေး၊ အချိန်ပိုကြေး၊ ရက်ပြည့်ခြင်းများ ခံစားခွင့်ရရှိသဖြင့် ဝန်ထမ်းလုပ်သား မိသားစုများ စားဝတ်နေရေး အဆင်ပြေကြသည်။ တစ်ဆက်တည်းမှာပင် လုပ်သားများနှင့် ပုစွန်များရွေးချယ်ကာ ပြည်ပသို့ တင်ပို့ရန် လုပ်နေသည့် ASIA Golden Shirmp Ltd. (အေဂျီအက်စ်) လီမိတက်သို့ သွားရောက်လေ့လာရာ စက်ရုံတာဝန်ခံ ဦးဇော်အောင်က ပြည်ပပို့ရန် အလုပ်သမားများနှင့် ပုစွန်ရွေးချယ်မှုကို လိုက်လံရှင်းလင်းပြသသည်။



သန္ဓေသားကို ဝမ်းတွင်းမလွယ်၊ ခါးတွင် တွယ်ထားသည့် ဥချရန် မွေးမြူထားသော ပင်လယ်ကျားပုစွန်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

သိုလှောင်

ဝတ်စုံပြည့်နှင့် အမျိုးသမီးများက သွက်လက်စွာ ပုစွန်များ ရွေးချယ်နေကြသည်။ ဗန်းထဲတွင်ထည့်ပြီး ပုစွန်များကို အမျိုးသားလူငယ်များက ရေခဲများထည့်ကာ အအေးခန်းအတွင်း ပို့ဆောင်ကြသည်။ အအေးခန်းအတွင်းမှထွက်လာသော ရေခဲတုံးများကြားတွင် ပုစွန်များ အစီအရီအိပ်စက်နေသည်။ ပုစွန်ရေခဲတုံးများကို အပြစ်အနာကြည့်ပြီး ကောင်းမွန်သည့် ရေခဲတုံးများကို ပြည်ပပို့ရန် ထုပ်ပိုးပြီး အအေးခန်းအတွင်း သိုလှောင်ထားပါသည်။

"ကျွန်တော်တို့စက်ရုံမှာ လစား၊ နေ့စား ဝန်ထမ်း ၂၁၄ ဦး ခန့်ထားပြီး အနည်းဆုံး ဝန်ထမ်းလစာ ကီလိုကြေး၊ တစ်လအချိန်ပိုကြေး၊ ရက်ပြည့်ကြေးများနဲ့ ကျပ်ငါးသောင်းမှ ကျပ်နှစ်သိန်းအထိ ခံစားရပါတယ်။ ဝန်ထမ်းသက်သာအဖြစ် ဝန်ထမ်း သက်သာချောင်ချိရေးအတွက် စားသုံးနိုင်တဲ့ ပုစွန်ဘေးထွက်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပါတယ်" ဟု ဦးဇော်အောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။ AGS စက်ရုံကို ၁၉၉၈ ခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်လည်ပတ်ခဲ့ရာ စက်ပစ္စည်း တန်ဖိုး ဒေါ်လာ ၂၆၁၆၀၀ နှင့် လည်ပတ်ငွေကျပ် သိန်း ၅၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသည်။ စက်ရုံ တစ်နေ့ ကုန်ကျစရိတ်မှာ ကျပ် ၁၄၀၀၀၀ ဖြစ်ကြောင်း သိရသည်။

ကျောက်ဖြူမြို့ ရေငန်ပုစွန် သားဖောက်စခန်း၌ ဥချရန် သီးသန့်မွေးမြူထားသော ပင်လယ်ကျားပုစွန်များကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

တိုးတက်

စက်ရုံ နှစ်ခုစလုံးမှ ထွက်သည့် ပုစွန်များကို သင်္ဘောဖြင့် ရန်ကုန်သို့ တင်ပို့ကာ တစ်လလျှင် တန် ၇၀ ခန့် တင်ပို့နိုင်ပြီး အားလုံး ရန်ကုန်မှ တစ်ဆင့် ပြည်ပသို့ တင်ပို့ရောင်းချသဖြင့် ပြည်ပဝင်ငွေ ရရှိကြသည်။ ဆက်လက်၍ ဒေသခံ ဦးအောင်ဆန်းမြင့်၏ ASM ငါးပုစွန်ရောင်းဝယ်ဒိုင်ကို သွားရောက် လေ့လာရာ တစ်နေ့လျှင် ရေလုပ်သားများထံမှ ငါးပိဿာချိန် ၁၀၀ နှင့် ပုစွန်ပိဿာချိန် ၅၀ ကို ဝယ်ယူကာ ရန်ကုန် စံပြငါးဈေးကြီးသို့ တင်ပို့ရောင်းချမှု၊ လမ်းပန်း ဖွံ့ဖြိုးလာသည်နှင့် အမျှ ဒေသခံ လုပ်ငန်းရှင်များ၏ စီးပွားရေးတိုးတက်လာမှုကို ပြောပြသည်။

"ကျွန်တော့် ငါး၊ ပုစွန်ရောင်းဝယ်ရေးက ကျပ်သိန်း ၃၀၀ ခန့် လည်ပတ်ပါတယ်။ ရန်ကုန်သို့ တစ်ရက်ခြား ငါးပုစွန်များ ပေးပို့ပါတယ်၊ ရန်ကုန်-စစ်တွေကားလမ်းက မိုးတွင်းမှာ ကုန်တင်ကားများ မသွားရလို့ တောင်ကုတ်ကို ရေလမ်းခရီးနဲ့ ကုန်သေတ္တာတွေတင်ပို့ရပါတယ်။ ရန်ကုန်ကို စစ်တွေကားလမ်းက တစ်ဆင့် ကုန်ပစ္စည်းတွေတင်ပို့ရင် တစ်ရက်သာကြာတော့ ဆုံးရှုံးမှုနည်းပါတယ်။ ရေလမ်းခရီးက လေးရက်ကြာတော့ စရိတ်ပိုကုန်တဲ့အပြင် ဆုံးရှုံးမှုများပါတယ်။ လစဉ် မိသားစုဝင်ငွေ ကျပ်ငါးသိန်းကျော် ရရှိပါတယ်" ဟု ဦးအောင်ဆန်းမြင့်က မြန်မာ့အလင်းသို့ ပြောပြသည်။

မိသားစုဝင်ငွေ

ဘေးချင်းယှဉ်လျက်ရှိသည့်ပြည်ပပို့ကုန် ဦးမြင့်အောင်၏ ကျောက်ပုစွန်လုပ်ငန်းသို့ ဆက်လက် လေ့လာရာ ရေလှောင်ကန်အတွင်း ထည့်ထားသည့် ကျောက်ပုစွန်များကို တွေ့ရသည်။ အဆိုပါကျောက်ပုစွန်ကို တစ်ပိဿာ ကျပ်နှစ်သောင်းဖြင့် ဝယ်ယူရကြောင်း၊ တစ်ပိဿာလျှင် ခုနစ်ကောင်မှ ၁၀ ကောင်အထိသာရှိကြောင်း၊ ကျောက်ပုစွန်များကို ရေကန်ငယ်သုံးကန်တွင် တစ်ရက်စီထည့်ထားရာ နောက်ဆုံးကန်တွင် ပုစွန်များ အိပ်ပျော်သွားကြောင်း၊ အိပ်ပျော်သွားသည့် ပုစွန်များကို သတင်းစာစက္ကူဖြင့် ပါကင်ထုပ်ပြီး စနစ်တကျ ဘူးအတွင်း ထည့်ရကြောင်း သိရပါသည်။ တစ်ဘူးလျှင် ၁၀ ပိဿာဆံ့ကာ တစ်လလျှင် ဘူး ၂၀၊ ပိဿာ ၂၀၀ ကို လေကြောင်းခရီးဖြင့် ရန်ကုန်သို့ တင်ပို့ကာ ရန်ကုန်အဝယ်ဒိုင်များမှ ပြည်ပသို့ ရောင်းချကြသည်။ ရောင်းစုံ ကျောက်ပုစွန် တစ်ပိဿာ ကျပ် ငါးသောင်းမှ ရှစ်သောင်းအထိ ဝယ်ယူကာ တင်ပို့ရကြောင်းနှင့် မိသားစု ဝင်ငွေအထိုက်အလျောက် ရရှိကြောင်း သိရသည်။

အကောင်ကြီးပြီး သန်မာထွားကျိုင်းသည့် ကျောက်ပုစွန်သည် သဘာဝရေ သုံးကြိမ် ပြောင်းထည့်ရုံဖြင့် အိပ်စက်သွားကာ ရေနှင့်ထိသည်နှင့် ပြန်လည်နိုးထသော ကျောက်ပုစွန်သည် တန်ဖိုးကြီးကာ ပြည်ပဈေးကွက်တွင် ရောင်းတမ်းဝင်သော ပုစွန်ဖြစ်ရာ ထူးထူးခြားခြား ရခိုင်ဒေသတွင်သာ ရှိသဖြင့် ရခိုင်ဒေသသည် သား၊ ငါးထုတ်လုပ်မှုတွင် အရေးပါသော ဒေသဖြစ်သည်မှာ ထင်ရှားနေပါတော့သည်။ ။

(မြန်မာ့အလင်း)

တိုက်ဂါးကျား ပုစွန်တစ်ကောင်သည် ပထမ အကြိမ် ဥရှစ်သိန်းခန့် ချထားပေးပြီး ငါး လုပ်ငန်းဦးစီးဌာနမှ ပုစွန်ကို ပြုပြင်ပြီး ထပ်မံ သားဖောက်ရန် ဒုတိယအကြိမ် ခြောက်သိန်း ခန့်နှင့် တတိယနောက်ဆုံးအကြိမ် ဥငါးသိန်း ခန့် ချထားပေးသဖြင့် ပုစွန်တစ်ကောင်သည် ပုစွန်ကောင် ၁၄ သိန်းခန့် မွေးဖွားပေး။

* ရှေ့ဖုံးမှ

အဆိုပါ မြိတ်မြို့သစ်စီမံကိန်းသည် လက်ရှိမြိတ်မြို့၏ အနောက်မြောက်ဘက် ၁၁မိုင်အကွာ မြိတ်-ထားဝယ် ကားလမ်း အနီးတွင် တည်ရှိသည်။ ယင်းမြိတ်မြို့ သစ်စီမံကိန်းသည် ကျွဲကူး-ကျောက်ဖျာ တံတားနှင့် မနီးမဝေးအရပ်တွင် တည်ရှိသည်။

ကပ္ပလီပင်လယ်

တောင်ထိပ် ရှုမျှော်ရပ်မှ မြို့သစ် စီမံကိန်းတည်ဆောက်နေမှု မြင်ကွင်းကို တွေ့ရသည်။ ယင်းမြို့သစ်ကို ကျောက်ဖျာ မြစ်နှင့် သမုတ်မြစ်တို့က ဝိုင်းရံထားသည်။ ယင်းမြစ်များသည် ကပ္ပလီပင်လယ်ထဲသို့ စီးဝင်နေသည်ကို တောင်ထိပ်မှ တွေ့ရသည်။

နယ်စပ်ကုန်သွယ်ရေး

ယင်းမြို့သစ် အနီးတွင် နယ်စပ် ကုန်သွယ်ရေး စစ်ဆေးရေးဂိတ်သည်လည်း ရှိသည်။ ယင်းစစ်ဆေးရေးဂိတ်တွင် ငါး ပုစွန်နှင့်ကဏန်းစသော ရေထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာတွင် တစ်နေရာတည်း၌ အပြီးဆောင်ရွက်နိုင်သည့် ONE STOP SERVICE ကိုလည်း ငါးလုပ်ငန်းဦးစီး၊ နယ်စပ်ကုန်သွယ်ရေး၊ အကောက်ခွန်နှင့် ရဲတပ်ဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

> **နယ်စပ် ကုန်သွယ်ရေးစခန်း**
>
> **မြိတ်မြို့သစ်၏ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန** (FOB) **စခန်း** ONE STOP SERVICE **ကို တွေ့ရစဉ်။**
>
> (မြန်မာ့အလင်း)

ဇရိယာ

အဆိုပါ မြိတ်မြို့သစ်သည် ဇရိယာ ဧက ၆၀၀၀ကျယ်ဝန်းသည်။ ၂၀၀၅ခုနှစ်က စတင် အကောင်အထည်ဖော်လျက်ရှိကြောင်းသိရသည်။ ယင်းမြို့သစ်စီမံကိန်းတွင် ဆိပ်ခံတံတားများ ကုန်လှောင်ရုံများ၊ သစ်အခြေခံထုတ်လုပ်ရေး စက်ရုံများနှင့် လူနေအိမ် အဆောက်အအုံများလည်း ပါဝင်သည်။ ယင်စီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နယ်စပ်စည်ပင်နှင့် ကုမ္ပဏီများက ဆက်လက် အကောင်အထည်ဖော် တည်ဆောက်လျက် ရှိကြောင်း သိရသည်။

အဆိုပါ မြို့သစ်စီမံကိန်းတွင် အအေးခန်းစက်ရုံ ကုမ္ပဏီများက ရေလုပ်ငန်းများလုပ်ရန်အတွက် မြေနေရာများ ရယူထားကြသည်။ အချို့ကုမ္ပဏီများမှာ အအေးခန်းများ စတင် တည်ဆောက်နေကြပြီ ဖြစ်သည်။ မြို့ပတ်လမ်းအဖြစ် မြေသားလမ်းများလည်း ခင်းထားသည်ကို တွေ့ရသည်။

ဝင်ထွက်သွားလာနိုင်

မြိတ်မြို့သစ် စီမံကိန်းကြီး အခြေတကျ ပေါ်ပေါက်လာပါက ငါးဖမ်းစက်လှေများ၊ ကုန်တင်ရေယာဉ်များ ဝင်ထွက် သွားလာနိုင်မည့် မြိတ်မြို့ တိုးချဲ့ ဆိပ်ကမ်းမြို့သစ်ကြီးအဖြစ် ပေါ်ပေါက်လာမည်ဖြစ်သည်။

အဆိုပါ မြိတ်မြို့သစ် ဆိပ်ကမ်းသည် ကပ္ပလီပင်လယ်နှင့် အနီးဆုံးနေရာတွင် တည်ရှိနေသကဲ့သို့ လက်ရှိ မြိတ်မြို့နှင့်လည်း အနီးဆုံး တည်ရှိနေသည့်အတွက် ရန်ကုန်မှလာသော ရေယာဉ်များ၊ စက်လှေများ အလွယ်တကူ ဆိုက်ကပ်နိုင်မည်ဖြစ်၍ ဒေသ၏အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် ရေထွက်ပစ္စည်းတင်ပို့ရောင်းချရေးအတွက် များစွာ အထောက်အကူပြုမည် ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

> **ကဘင်းလမ်းဆုံ**
>
> **မြိတ်မြို့သစ်အဝင် ကဘင်းလမ်းဆုံ မြင်ကွင်း။**
>
> (မြန်မာ့အလင်း)

မြိတ်မြို့မှ သွားလျှင် ကားလမ်းတစ်လျှောက် ကျေးရွာများ၊ စပါးခင်းများ၊ ကွမ်းသီးခြံများ တစ်မျှော်တစ်ခေါ် တွေ့ရမည်ဖြစ်သည်။ မြိတ်မြို့မှ ထွက်ခွာလာပြီး ကျွဲကူး-ကျောက်ဖျာတံတားကို ကျော်ဖြတ်ကာ တောင်ကိုပတ်၍ ဖောက်ထားသော လမ်းအတိုင်း ဆက်လက်ထွက်ခွာသွားပြီး မကြာမီ ကဘင်းလမ်းဆုံသို့ ရောက်ရှိသည်။ ယင်းကဘင်းလမ်းဆုံ အတိုင်း မြို့သစ်စီမံကိန်းသို့ သွားရောက်ခဲ့သည်။ မြို့သစ်စီမံကိန်းရုံး အဆောက်အအုံမှာ တောင်ထိပ်တစ်ခုပေါ်၌ တည်ရှိသည်။ ယင်းတောင်ထိပ်သို့ မော်တော်ယာဉ်ဖြင့် ဆက်လက် ထွက်ခွာခဲ့ရာ ရှင်းလင်းဆောင် ရုံးခန်းမသို့ ရောက်ရှိသည်။

မြိတ်မြို့သစ် မြို့ပတ်လမ်းများ ဖောက်လုပ်နေသည်ကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခြင်းမှ ကာကွယ်ရေးစီမံချက် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း UNICEF နှင့် NAP တို့ ပူးပေါင်းဆောင်ရွက်သည့် မိခင်မှကလေးသို့ HIV ရောဂါပိုး ကူးစက်ခြင်းမှ ကာကွယ်ရေး စီမံချက် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ၂၆ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်း ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်မာလာလွင်က PMCT စီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က PMCT စီမံချက်သုံးပစ္စည်းနှင့် ထောက်ပံ့ငွေများကို မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာလာလွင်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကျောက်ဖြူမြို့နယ်စည်ပင် အမှတ်(၁)ပျိုးဥယျာဉ်တွင် ပျိုးပင်များပျိုးထောင်

ကျောက်ဖြူ နိုဝင်ဘာ ၂၉

ကျောက်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် နဒီသောင်ယံပန်းခြံအတွင်းရှိ အမှတ်(၁) ပျိုးဥယျာဉ်တွင် ပျိုးပင်များ ပျိုးထောင်ထားရှိရန် ဆောင်ရွက်နေမှုအခြေအနေကို နိုဝင်ဘာ ၆ရက်က ဒုတိယဦးစီးမှူး(အခွန်) ဦးညီညီက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၂၉

နိုဝင်ဘာ ၂၉ရက် မြန်မာစံတော်ချိန် ၁၃နာရီ ၂၄မိနစ် ၅၃စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်အနောက်မြောက်ဘက် ၄၃၅မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၈အဆင့် ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း သန်းသန်းနု ကိုးကားတင်ပြသည်

မိုးလေဝသ ခန့်မှန်းချက်

မွန်၊ တနင်္သာရီကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ လေပြင်းတိုက်ခတ်နိုင်

ရန်ကုန် နိုဝင်ဘာ ၂၉

နိုဝင်ဘာ၂၉ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကို ဖော်ပြရလျှင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့၌ နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် သုညဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟားခါးမြို့တို့တွင် ၄ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

နိုဝင်ဘာ၃၀ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ မိုးလေဝသအခြေအနေကို ခန့်မှန်းရပါက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်။

နိုဝင်ဘာ၃၀ရက်**(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

သာယာ

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

လေပြင်းတိုက်ခတ်

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

30-11 (10).pmd 1 11/30/2008, 2:16 AM

✻ *ကျောဖုံးမှ*

Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ခဲ့သော မြန်မာ့လက်ရွေးစင်အသင်းမှာ အာဆီယံဆုဇူးကီးဖလား ဘောလုံးပြိုင်ပွဲတွင် မျှော်လင့်ချက်အိပ်မက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ပြင်ဆင်လျက်ရှိသည်။ Grand Royal ချန်ပီယံအသင်းမှ ကစားသမား၂၀ကို အမာခံထားဖွဲ့စည်းကာ လေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်သည်။

ကြိုးစားနေ

မြန်မာ့လက်ရွေးစင်အသင်းမှာ ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲတိုင်းတွင် အောင်မြင်မှုများ ရယူနိုင်လေ့ရှိသော်လည်း ယခုအာဆီယံ ဆုဇူးကီးဖလားဘောလုံးပြိုင်ပွဲ(ယခင်တိုက်ဂါးဖလား၊ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲ)တွင် အောင်မြင်မှုမရသေးဘဲ အမြင့်ဆုံးဆီမီးဖိုင်နယ်အဆင့်ကိုသာ ရောက်ရှိခဲ့ဖူးသည်။ ၁၉၉၆ခုနှစ်မှစ၍ နှစ်နှစ်တစ်ကြိမ်ကျင်းပလျက်ရှိသည့် ယင်းပြိုင်ပွဲတွင် မြန်မာအသင်းမှာ ၂၀၀၄ခုနှစ်က ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ အဆင့်အတန်းမြင့်မားသည့် Grand Royal ပြိုင်ပွဲတွင် ဖိုလ်စွဲပြီးနောက် အာဆီယံဆုဇူးကီးဖလားပြိုင်ပွဲတွင်ပါ ထပ်မံအောင်ပွဲခံနိုင်ရန် ကြိုးစားနေခြင်းဖြစ်သည်။

Grand Royal ပြိုင်ပွဲတွင် မြန်မာအသင်းကို ပထမဦးဆုံး ဆုဖလားဆွတ်ခူး ရယူပေးနိုင်ခဲ့သော ဘရာဇီးလူမျိုးနည်းပြ မားကို့စ်ဖလော်ပါအနေဖြင့် လာမည့်အာဆီယံ ဆုဇူးကီးဖလားပြိုင်ပွဲတွင်လည်း မည်သည့်အဆင့်ရောက်ရှိအောင် စွမ်းဆောင်နိုင်မလဲဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

၁၉၉၆ ခုနှစ်တွင် အစပြုသည့် ပထမအကြိမ်ပြိုင်ပွဲ

ပထမအကြိမ်ပြိုင်ပွဲကို အာဆီယံတိုက်ဂါးဖလားပြိုင်ပွဲအမည်ဖြင့် စင်ကာပူနိုင်ငံတွင် ၁၉၉၆ ခုနှစ် စက်တင်ဘာ၁ရက်မှ ၁၅ရက်အထိ ကျင်းပခဲ့သည်။ မြန်မာအသင်းမှာ အုပ်စု(က)တွင် လာအို၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ ခြောက်မှတ်ဖြင့် အုပ်စုမှထွက်ခဲ့ရသည်။ အဖွင့်ပွဲစဉ်တွင် ကမ္ဘောဒီးယားကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း ဗီယက်နမ်ကို လေးဂိုး-တစ်ဂိုး၊ အင်ဒိုနီးရှားကို ခြောက်ဂိုး-တစ်ဂိုးတို့ဖြင့်ရှုံးနိမ့်ခဲ့ကာ နောက်ဆုံးပွဲစဉ် တွင် လာအိုကို လေးဂိုး-နှစ်ဂိုးဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲဝင်အသင်းတွင် မျိုးလှိုင်ဝင်း၊ ဝင်းအောင်၊ မောင်မောင်ဌေး၊ တင်မျိုးအောင်၊ မောင်မောင်ဦး၊ ဇော်လေးအောင်၊ မင်းဇော်ဦး၊ စိုင်းမောင်မောင်ဦးစသည့် ကစားသမားများ ပါဝင်ခဲ့ကြပြီး နည်းပြအဖြစ် ဒူကိုဗစ်(ယူဂိုဆလားဗီးယား)က ဆောင်ရွက်ခဲ့သည်။

မြန်မာအသင်းအုပ်စုအဆင့်ဖြင့်ကျေနပ်ခဲ့ရသည့် ဒုတိယအကြိမ်ပြိုင်ပွဲ

ဒုတိယအကြိမ်ပြိုင်ပွဲကို ပြိုင်ပွဲပုံစံပြောင်းလဲခဲ့ပြီး ခြေစစ်ပွဲများကစားခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ခြေစစ်ပွဲကစားခဲ့ရပြီး လာအို၊ ဘရူနိုင်းတို့နှင့်အတူ ခြေစစ်ပွဲဝင်ခဲ့ရကာ ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲတွင် မြန်မာအသင်းမှာ ဘရူနိုင်းကို လေးဂိုး-တစ်ဂိုး၊ လာအိုကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ယင်းခြေစစ်ပွဲကာလတွင် ရုရှားနည်းပြ လီယိုနစ်ပရိုဘိုင်လော့စကီးက ဆောင်ရွက်ခဲ့ပြီး ပြိုင်ပွဲကာလတွင် ဦးအေးမောင်လေးက နည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။ ပြိုင်ပွဲကို ၁၉၉၈ခုနှစ် ဩဂုတ် ၂၆ရက်မှ စက်တင်ဘာ ၅ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့ပြီး အဖွင့်ပွဲစဉ်တွင် ထိုင်းကို တစ်ဂိုးစီ သရေကစားနိုင်ခဲ့သော်လည်း အင်ဒိုနီးရှားကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ဖိလစ်ပိုင်ကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း အုပ်စုမှထွက်ခဲ့ရသည်။ ပြိုင်ပွဲဝင်အသင်းတွင် မျိုးလှိုင်ဝင်း၊ အောင်ခိုင်၊ မျိုးမြင့်ထွေး၊ ထွန်းထွန်းစိုး၊ မောင်မောင်ကြီးတို့ ပါဝင်ခဲ့ပြီး လက်ရှိလက်ရွေးစင်အသင်း၏ အမာခံကစားသမားများဖြစ်သည့် မင်းသူနှင့် စိုးမြတ်မင်းတို့ စတင်ပါဝင်ခဲ့ကြသည်။

ခေါင်းတိုက်လေ့ကျင့်

နောက်ခံလူ သူရအောင် ဤသို့ ခေါင်းတိုက်လေ့ကျင့်ခဲ့သည်။ (မြန်မာ့အလင်း)

အင်ဒိုနီးရှားကိုမကျော်နိုင်ခဲ့ပြန်သည့် တတိယအကြိမ်ပြိုင်ပွဲ

တတိယအကြိမ် တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲကို ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာ ၅ရက်မှ ၁၈ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည်။ မြန်မာအသင်းမှာ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး ထိုင်းကို ပွဲဦးထွက် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲတွင် ဖိလစ်ပိုင်ကို သုံးဂိုး-ဂိုးမရှိဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည်။ နောက်ဆုံးပွဲတွင် အင်ဒိုနီးရှားကို အနိုင်ရလျှင် အုပ်စုတက်နိုင်သော်လည်း ငါးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြန်၍ အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရပြန်သည်။ နည်းပြအဖြစ် ဒေးဗစ်ဘုသ်က ဆောင်ရွက်ခဲ့ပြီး သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ မင်းဇော်ဦး၊ ဇော်ထိုက်၊ နေသူလှိုင်၊ စိုးမြတ်မင်း၊ မင်းသူ၊ အောင်အောင်ဦး စသည့် ကစားသမားများ ပါဝင်ခဲ့သည်။

စတုတ္ထအကြိမ် တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲကို စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဒီဇင်ဘာ၁၅ရက်မှ ၂၉ရက်အထိ ကျင်းပခဲ့ပြီး မြန်မာအသင်းမှာ အုပ်စုကျော်နိုင်ခြင်းမရှိခဲ့ပေ။ အင်ဒိုနီးရှားကို ဂိုးမရှိ သရေကစားပြီး ဖိလစ်ပိုင်ကို ခြောက်ဂိုး-တစ်ဂိုး၊ ကမ္ဘောဒီးယားကို ငါးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ကစားနိုင်ခဲ့သည်။ သို့သော် နောက်ဆုံးပွဲတွင် ဗီယက်နမ်ကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် အုပ်စုမှ ထွက်ခဲ့ရပြန်သည်။ နည်းပြအဖြစ် ဒေးဗစ်ဘုသ်က ဆောင်ရွက်ခဲ့ပြီး စိုးမြတ်မင်း၊ မင်းသူ၊ အောင်အောင်ဦး၊ လွင်ဦး၊ တင့်နိုင်ထွန်းသိန်း၊ အောင်ကျော်မိုး၊ ဇော်လင်းထွန်း၊ ဇော်ထိုက်၊ ရန်ပိုင် စသည့် ကစားသမားများ ပါဝင်ကစားခဲ့ကြသည်။

အကြိုဗိုလ်လုပွဲကို ပထမဦးဆုံးအကြိမ်တက်ရောက်နိုင်ခဲ့သည့် ပဉ္စမအကြိမ်ပြိုင်ပွဲ

၂၀၀၄ခုနှစ် ဒီဇင်ဘာ၈ရက်မှ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၅ရက်အထိ ကျင်းပခဲ့သည့် ပဉ္စမအကြိမ် တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းမှာ ပထမဦးဆုံးအကြိမ် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ဘူဂေးရီးယားလူမျိုး နည်းပြအိုင်ဗန်ကိုလက်ဗ်၏ လက်အောက်တွင် တစ်ကျော့ပြန်ကစားသမား မျိုးလှိုင်ဝင်း၊ မိုးကျော်သူတို့နှင့် စိုးမြတ်မင်း၊ ကျော်ခိုင်ဝင်း၊ မင်းသူ၊ အောင်ကျော်မိုး၊ မာလ၊ မျိုးမင်းထွန်း၊ ထွန်းထွန်းဝင်း၊ ရန်ပိုင်၊ ဆန်းဒေးသိန်း စသည့် ကစားသမားများ ပါဝင်ခဲ့ကြသည်။ အုပ်စုတွင် ဖိလစ်ပိုင်ကို တစ်ဂိုး-ဂိုးမရှိ၊ထိုင်းနှင့် တစ်ဂိုးစီသရေ၊ မလေးရှားကို တစ်ဂိုး-ဂိုးမရှိ၊တီမောကို သုံးဂိုး-တစ်ဂိုးတို့ဖြင့်နိုင်ကာ ရမှတ် ၁၀မှတ်ဖြင့် အုပ်စုပထမနေရာရယူနိုင်ခဲ့သည်။ ဆီမီးဖိုင်နယ် ပွဲစဉ်များနှင့် ဖိုင်နယ်သို့တက်ရောက်သည့် နိုင်ငံများတွင် အိမ်ကွင်း၊ အဝေးကွင်း ပုံစံဖြင့် ကျင်းပခဲ့သည်။ ဆီမီးဖိုင်နယ်တွင် စင်ကာပူနှင့်တွေ့ဆုံခဲ့ပြီး အိမ်ကွင်းဖြင့် ကစားသည့် မလေးရှားမြေတွင် လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဒုတိယအကျော့ စင်ကာပူမြေတွင် ကစားရာတွင် မိနစ်၉၀အထိ နှစ်ဂိုး-တစ်ဂိုးဖြင့် ပြန်အနိုင်ရရာ ခြောက်ဂိုးစီတူနေ၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ သို့ရာတွင် ပွဲပြီးခါနီးတွင် ရန်ပိုင်၊ ဇော်လင်းထွန်းနှင့် မိုးကျော်သူတို့ အနီကတ်ဖြင့် ထုတ်ပယ်ခံရရာ အချိန်ပို၌

မြန်မာအသင်းနည်းပြ



မြန်မာအသင်းကို အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးရမည့် နည်းပြဖလော်ပါ။ (မြန်မာ့အလင်း)

ရှစ်ဦးတည်းဖြင့် ကစားခဲ့ရပြီး သုံးဂိုးအသွင်းခံရကာ နှစ်ကျော့ပေါင်း ရှစ်ဂိုး-ငါးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ တတိယလုပွဲတွင် မလေးရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ရှုံးပွဲမရှိသော်လည်း အုပ်စုမှထွက်ခဲ့ရသည့် ဆဋ္ဌမအကြိမ်ပြိုင်ပွဲ

ဆဋ္ဌမအကြိမ်ပြိုင်ပွဲကို တိုက်ဂါးဖလားပြိုင်ပွဲမှ အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အမည်ဖြင့် ပြောင်းလဲကျင်းပခဲ့ပြီး ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သည်။ ၂၀၀၆ မာဒေးကားဖလားပြိုင်ပွဲနှင့် ဒုတိယအကြိမ်Grand Royal Challenge Cupပြိုင်ပွဲတွင် ဖိုလ်စွဲအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြဦးဆန်းဝင်းနှင့် ဦးကြည်လွင်တို့က ဆက်လက်ကိုင်တွယ်ခဲ့ပြီး ယင်းပြိုင်ပွဲနှစ်ခုတွင် ဖိုလ်စွဲခဲ့သည့် ကစားသမားများကို အမာခံထား ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်တို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး ထိုင်းနှင့် တစ်ဂိုးစီသရေ၊ မလေးရှားနှင့် ဂိုးမရှိသရေကျအောင် ကစားနိုင်ခဲ့သော်လည်း နောက်ဆုံးပွဲတွင် ဖိလစ်ပိုင်ကို အနိုင်မကစားနိုင်ဘဲ သရေသာကစားနိုင်ခဲ့၍ ရှုံးပွဲမရှိသော်လည်း အုပ်စုမှထွက်ခဲ့ရခြင်းဖြစ်သည်။

ဖလော်ပါလက်ထက် မြန်မာအသင်းဘယ်အဆင့်ရောက်မလဲ

ယခု (၇)ကြိမ်မြောက် ကျင်းပမည့် အာဆီယံဆုဇူးကီးဖလားပြိုင်ပွဲတွင် ဘရာဇီးနည်းပြ ဖလော်ပါ မြန်မာအသင်းကို ဘယ်အဆင့်ရောက်အောင် ပို့ဆောင်နိုင်မလဲဆိုတာ စိတ်ဝင်စားစရာကောင်းလှသည်။ ယခုပြိုင်ပွဲမှာ ၂၀၀၈ခုနှစ်အတွင်း မြန်မာအသင်းကို ကိုင်တွယ်သည့် ဆဋ္ဌမမြောက် ပြိုင်ပွဲဖြစ်လာမည်ဖြစ်ပြီး ပြီးခဲ့သည့် ပြိုင်ပွဲငါးခုတွင် ချန်ပီယံတစ်ကြိမ်၊ တတိယတစ်ကြိမ်နှင့် ဆီမီးဖိုင်နယ်သို့ သုံးကြိမ်ရောက်အောင် လုပ်ပြထားနိုင်သည်။ ပြိုင်ပွဲငါးကြိမ်စလုံး အနိမ့်ဆုံးဆီမီးဖိုင်နယ်အဆင့် ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်သည့် ဖလော်ပါအနေဖြင့် အစဉ်အလာမပျက် ဆီမီးဖိုင်နယ်ကို ပို့ဆောင်ပေးမလား သို့မဟုတ် ယင်းထက်ပိုအောင်မြင်အောင် စွမ်းဆောင်နိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

ယခုပြိုင်ပွဲကို တိုက်ရိုက်ကစားခွင့်ရ ခြောက်သင်းနှင့် ခြေစစ်ပွဲအောင်မြင်ခဲ့သော ကမ္ဘောဒီးယားနှင့် လာအိုနှစ်သင်း စုစုပေါင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အုပ်စု(က)ကို အင်ဒိုနီးရှားနိုင်ငံတွင်လည်းကောင်း၊ အုပ်စု(ခ)ကို ထိုင်းနိုင်ငံတွင်လည်းကောင်း ဒီဇင်ဘာ ၅ရက်မှ ၁၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်များကို ဒီဇင်ဘာ ၁၆ ၊၁၇၊၂၀၊၂၁ ရက်နှင့် ဗိုလ်လုပွဲစဉ်များကို ဒီဇင်ဘာ ၂၄၊၂၈ရက်တို့တွင် အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကစားရမည်ဖြစ်သည်။ အုပ်စု(က)တွင် အင်ဒိုနီးရှား၊ စင်ကာပူ၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အုပ်စု(ခ)တွင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နှင့်လာအိုတို့ ပါဝင်ကြပြီး မြန်မာအသင်းမှာ ဒီဇင်ဘာ ၅ရက်တွင် အိမ်ရှင်အင်ဒိုနီးရှား၊ ၇ရက်တွင် စင်ကာပူနှင့် ၉ရက်တွင် ကမ္ဘောဒီးယားတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုတက်ရန်

မြန်မာအသင်းမှာ အုပ်စုတက်ရန်အတွက် ရှေ့နှစ်ပွဲတွင် ရလဒ်ကောင်းရန် လိုအပ်နေပြီး အင်ဒိုနီးရှားအသင်းနှင့် ထူးထူးခြားခြား ရေစက်ဆုံနေပြန်သည်။ မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့သည် ယခုပြိုင်ပွဲ၏ ပထမအကြိမ်မှစတုတ္ထအကြိမ်အထိ အုပ်စုပွဲစဉ်များတွင် ဆက်တိုက်တွေ့ဆုံခဲ့ရာ သရေတစ်ကြိမ်သာရှိသေးပြီး အင်ဒိုနီးရှားက သုံးကြိမ်နိုင်ထားသည်။

ထို့ပြင် ယခုနှစ်အတွင်း အင်ဒိုနီးရှားမြေတွင် ယှဉ်ပြိုင်ခဲ့သည့် အင်ဒိုနီးရှား လွတ်လပ်ရေးနေ့ဖလား ပြိုင်ပွဲတွင် အင်ဒိုနီးရှားက အနိုင်ရခဲ့ပြီး မကြာမီက ပြီးစီးသွားသည့် Grand Royal Challenge Cup ပြိုင်ပွဲတွင် မြန်မာအသင်းက နှစ်ကြိမ်တိုင် အနိုင်ရရှိခဲ့သည်။ ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် မြန်မာအသင်းသည် လေ့ကျင့်မှုများ ပြင်းပြင်းထန်ထန် ပြုလုပ်လျက်ရှိပြီး နိုဝင်ဘာ၂၇ရက်က မြို့တော်စည်ပင်အသင်းနှင့် ခြေစမ်းကစားခဲ့ရာ လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပဏာမမြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြချုပ်အဖြစ် မားကို့စ်အန်တိုနီယိုဖလော်ပါ၊ ကြံ့ခိုင်ရေးမှူး ရိုဒရီဖာနန်ဒက်ဇ်၊ လက်ထောက်နည်းပြ ဦးဉာဏ်ဝင်း၊ ဦးဇော်ဝင်းထွန်းနှင့် ဦးမျိုးချစ်၊ ဂိုးသမား-အောင်အောင်ဦး၊ ကျော်ဇင်ထက်၊ ညီညီလွင်၊ နောက်တန်း-ခင်မောင်လွင်၊ ကျော်ဇေယျာဝင်း၊ မိုးဝင်း၊ ဇော်လင်းထွန်း၊ သူရအောင်၊ မင်းသူ၊ ဟန်ဝင်းအောင်၊ ကျော်ခိုင်ဝင်း၊ အေးဆန်း၊ ကျော်ဇေယျာမင်း၊ အလယ်တန်း မျိုးမင်းထွန်း၊ ပိုင်စိုး၊ အောင်မျိုးသန့်၊ ဇော်ထက်အောင်၊ ထွန်းထွန်းဝင်း၊ ရာဇာဝင်းသိန်း၊ အောင်ကျော်မိုး၊ စိုးလင်းထွန်း၊ အောင်မြင့်အေး၊ စိုးသီဟအောင်၊ ရှေ့တန်း-စိုးမြတ်မင်း၊ ရန်ပိုင်၊ ကျော်သီဟ၊ အောင်ကျော်မျိုး၊ စည်သူသန်း၊ ထွန်းမင်းဦးနှင့် ပြည့်ဖြိုးဦးတို့ ပါဝင်နေပြီး အပြီးသတ်၂၂ဦးကို မကြာမီရွေးချယ်သွားမည်ဟု သိရသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း ဖောင်ပိတ်အားကစားသတင်း

ဆန်းဒါးလန်းတို့ အိမ်ကွင်း၌ အမှတ်မရ မစ်ဒယ်ဘရော့နှင့် နယူးကာဆယ် သရေကျ

မောင်ချစ်ကြည် ရေးသားသည်

လန်ဒန် နိုဝင်ဘာ ၂၉

ပရီမီယာလိဂ် ပွဲစဉ် (၁၅)ကို နိုဝင်ဘာ ၂၉ရက်က ယှဉ်ပြိုင်ကစားရာ ဆန်းဒါးလန်းတို့ အိမ်ကွင်း၌ ရှုံးပွဲကြုံပြီး မစ်ဒယ်ဘရော့နှင့် နယူးကာဆယ်၊ စတုတ်နှင့် ဟူးလ်စီးတီးတို့ သရေပွဲများဖြစ်ကာ တစ်မှတ်စီ ခွဲယူခဲ့ကြရသည်။

ဆန်းဒါးလန်းနှင့် ဘော်လ်တန်

ဆန်းဒါးလန်းတို့ ခြေအသာဖြင့် တစ်ချိန်လုံးဘောလုံးကို စိတ်ကြိုက် ကိုင်တွယ်ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့် ၁၃ကြိမ် ရရှိခဲ့သော်လည်း တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ဆစ်စီနှင့် ဂျုန်းစ်တို့ ထိုးဖောက်ကစားခဲ့မှုကြောင့် ၁၁မိနစ်၌ ဆစ်စီက အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။ အီလ်မင်ဒါကို တိုက်စစ်မြားဦးတင်ထားကာ ဒေးဗစ်တေလာ၊

ဆန်းဒါးလန်းနှင့် ဘော်လ်တန်တို့ပွဲတွင် ဆန်းဒါးလန်းအတွက် အဖွင့်ဂိုးကို ဆစ်စီ (ဝဲ)က ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

မူအမ်ဘာနှင့် မက်ကင်းတို့က ဝိုင်းရံပံ့ပိုးပေးခဲ့သည့် ဘော်လ်တန်တို့ ၁၇ မိနစ်၌ တေလာ၊ ၂၁မိနစ်၌ ကာဟေးတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့သည်။ ပွဲချိန် ၃၉ မိနစ်နှင့် ၅၅ မိနစ်တို့တွင် ဘော်လ်တန် တိုက်စစ်မှူး အီလ်မင်ဒါက တစ်ဦးတည်း နှစ်ဂိုးသွင်းယူခဲ့သဖြင့် ဘော်လ်တန်တို့ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဆန်းဒါးလန်းတို့ ယခုပွဲရှုံးသဖြင့် အဆင့် ၁၉ အထိ ကျဆင်းသွားသည်။

မစ်ဒယ်ဘရော့နှင့် နယူးကာဆယ်

အိမ်ကွင်း ဖြစ်သော်လည်း မစ်ဒယ်ဘရော့တို့ အသာစီး မရခဲ့ချေ။ ဆန်လီနှင့် အဲလ်ဗက်ဇ်တို့ တိုက်စစ်အတွဲကို တင်ကစားသော မစ်ဒယ်ဘရော့တို့ အိမ်ကွင်း၌ သရေကျအောင် ကြိုးစားကစားခဲ့ရသည်။ ၂၁ မိနစ်၌ တွန်ကေး၏ကန်သွင်းချက်၊ ၇၅ မိနစ်၌ တေလာ၏ကန်သွင်းချက်များ မသေချာ၍ မစ်ဒယ်ဘရော့တို့ နစ်နာခဲ့ရသည်။ မိုက်ကယ်အိုဝင်နှင့် မာတင်တို့ ခြေစွမ်းပြနိုင်ခဲ့သော်လည်း ၇၁ မိနစ်၌ ဗီဒူကာကန်ချက် မမှန်၍ ဂိုးမရခြင်းဖြစ်သည်။ မစ်ဒယ်ဘရော့တို့ ဂိုးမရှိသရေပွဲဖြစ်ခဲ့သဖြင့် တန်းစီဇယားတွင် အဆင့်၁၂၌ ရပ်တည်နေသည်။ နယူးကာဆယ်တို့က တန်းဆင်းဇုန်အတွင်း ရောက်နေဆဲ ဖြစ်သည်။

စတုတ်နှင့် ဟူးလ်စီးတီးတို့ပွဲတွင် ဟူးလ်စီးတီးမှ ဘရမ်ဘေ (ယာ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

စတုတ်နှင့် ဟူးလ်စီးတီး

တန်းတက်နှစ်သင်း ဆုံတွေ့သည့်ပွဲမို့ ခြေညီသည်။ ဟူးလ်စီးတီးမှ တိုက်စစ်မှူး မာလွန်ကင်းက ၄၅ မိနစ်၌ အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။ ဧည့်သည်ဟူးလ်စီးတီးတို့က ခြေရည်တူကစားနိုင်သဖြင့် ၇၃မိနစ်၌ စတုတ်တိုက်စစ်မှူး ဖူလ်လာက ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ချေပဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ပြီး တစ်မှတ်စီခွဲ ဝေယူခဲ့ရသည်။

အခြားပွဲရလဒ်များ

ဝီဂန်	၂-၁	ဝက်စ်ဘရွန်း
ဗီလာ	၀-၀	ဖူလ်ဟမ်

ကိုးကား-အင်တာနက်

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ဘရာဇီးနိုင်ငံ ဘရာဆီးလီးယားမြို့တွင်ကျင်းပသည့် ပထမအကြိမ် မာကိုဆူနှင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (နိုင်ငံခြားရေး)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဘရာဇီးနိုင်ငံမှ ပြန်ရောက် မာကိုဆူနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတက်ရောက်ခဲ့

ရန်ကုန် နိုဝင်ဘာ ၂၉

ဘရာဇီးနိုင်ငံ ဘရာဆီးလီးယားမြို့၌ နိုဝင်ဘာ ၂၃ရက်နှင့် ၂၄ရက်တို့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် မာကိုဆူနှင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သော မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် နိုဝင်ဘာ ၂၈ ရက်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင် အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းလည်း ပြန်လည်လိုက်ပါလာသည်။

တက်ရောက်ခဲ့

အဆိုပါ အစည်းအဝေးသည် မာကိုဆူနှင့် အာဆီယံတို့အကြား ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သော အစည်းအဝေးဖြစ်ပြီး နှစ်ဖက်အဖွဲ့များမှ နိုင်ငံခြားရေးဝန်ကြီးများ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေး

အပြည်ပြည်ဆိုင်ရာ ငွေကြေး ပြဿနာ အခြေအနေနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များက နိုင်ငံတကာအသိုင်းအဝိုင်းများ ပူးပေါင်းညှိနှိုင်း တုံ့ပြန်ဆောင်ရွက်ရန်လိုကြောင်း၊ ဘဏ်လုပ်ငန်းစည်းမျဉ်းစည်းကမ်းများ အရေးကြီးကြောင်း၊ အစိုးရက ဘဏ်များကို ဦးဆောင်ကြီးကြပ်ပေးရန်လိုကြောင်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရန်လိုကြောင်းတို့ကို ဆွေးနွေးကြသည်။

စားနပ်ရိက္ခာ လုံခြုံစိတ်ချရရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ယင်းကိစ္စသည် စွမ်းအင်လုံခြုံရေးကိစ္စနှင့် ဆက်စပ်လျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ပြီး ရိက္ခာထုတ်လုပ်ရန်လိုကြောင်း ဆွေးနွေးကြသည်။

လောင်စာစွမ်းအင် လုံခြုံရေးနှင့်စပ်လျဉ်း၍ နေစွမ်းအား၊ လေစွမ်းအား၊ ဇီဝလောင်စာစွမ်းအား ထုတ်လုပ်ရေးနည်းသစ်များ ရှာဖွေထုတ်လုပ်ရေးများကို ဆွေးနွေးကြသည်။

ယင်းသို့ဆွေးနွေးရာတွင် ဇီဝလောင်စာထုတ်လုပ်ခြင်းကြောင့် ရိက္ခာထုတ်လုပ်မှု မထိခိုက်စေရေးကို အလေးထား ဆွေးနွေးကြသည်။ ယင်းကိစ္စများနှင့် ဆက်စပ်၍ ဒိုဟာကုန်သွယ်မှု ဆွေးနွေးပွဲအောင်မြင်ရန် အရေးကြီးကြောင်း၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဆောင်ရွက်မှုများနှင့် စိုက်ပျိုးရေးထုတ်ကုန်များတွင် ထောက်ပံ့ကြေးပေးမှုများ ပပျောက်ရေးကိုလည်း ဆွေးနွေးကြသည်။

တိုးမြှင့်

ထို့အပြင် အာဆီယံနှင့် မာကိုဆူ၊ နှစ်ဖက်အဖွဲ့ဝင်နိုင်ငံများ စိတ်ဝင်စားသည့် နှစ်ဖက်အဖွဲ့အစည်းများအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် သတင်းကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး အဆိုပါ ကြေညာချက်တွင် အဖွဲ့အစည်းနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ဒုတိယအကြိမ် အာဆီယံ-မာကိုဆူဝန်ကြီးအဆင့် အစည်းအဝေးကို ၂၀၁၀ပြည့်နှစ်တွင် ကျင်းပရန်ဖော်ပြထားသည်။ **(သတင်းစဉ်)**

အင်တာနက်သဘာဝဘေး ဖောင်ပိတ်သတင်း

ဘရာဇီးတောင်ပိုင်း၌ မိုးသည်းထန်ပြီးရေလွှမ်း ဒေသခံ ၁၀၀ သေဆုံး၊ ၈၀၀၀၀ ခန့် ရေဘေးကြုံတွေ့နေ

ဘရာဆီးလီးယား နိုဝင်ဘာ ၂၉

ဘရာဇီးနိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် နိုဝင်ဘာ ၂၉ ရက် ညနေ ၅နာရီအထိ သေဆုံးသူဦးရေမှာ ၁၀၀ အထိ ရှိပြီဖြစ်ကြောင်း ဘရာဇီးနိုင်ငံအမျိုးသား သဘာဝဘေးဆိုင်ရာအရာရှိများက ပြောကြားသည်။

ဆက်လက်ရွာသွန်း

ရေလွှမ်းမှုဖြစ်ပွားသည့်ဒေသမှာ ဆန်တာကာတာရီးနားပြည်နယ်တွင်ဖြစ်ပြီး မြေပြိုမှုများလည်း ဖြစ်ပွားခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ကာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ရေလွှမ်းမှုကြောင့် ဒေသခံ ၈၀၀၀၀ခန့်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ မိုးမှာ ဆက်လက်ရွာသွန်းနေဆဲဖြစ်ကြောင်း သိရသည်။

အသားအရေထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့မှ ကြီးမှူးကျင်းပသော အသားအရေထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်က မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေး အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဟောပြော

အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မြစန္ဒာခိုင်နှင့် Coreana အလှကုန်မှ မန်နေဂျာ ဒေါ်ကြူကြူအောင်တို့က ဟောပြောကြသည်။ ထပ်ဆင့်အကယ်ဒမီ မို့မို့မြင့်အောင်က ကိုယ်တွေ့ကြုံရသော အမျိုးသမီးများ အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာတို့ကို ဟောပြောသွားသည်။ ဟောပြောပွဲသို့ မြန်မာနိုင်ငံဆရာဝန်အသင်း(အမျိုးသမီးအဖွဲ့) နာယကများ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ NGO အဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ (၁၂၃)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပက်ထရိုနာ(စ်) မြန်မာ့ရေနံကုမ္ပဏီသည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-12 ရှိ Yetagun Platform "A" တွင် Yetagun Phase 4 Infill Drilling Operations ရေနံတွင်းတူးဖော်ရေးလုပ်ငန်းများကို ရေနံတွင်းတူးစက် Teknik Berkat ဖြင့် ၂၀၀၈ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၉ခုနှစ် မေလခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေနံတွင်းတူးစက် Teknik Berkat ဖြင့် တူးဖော်မည့် ရေနံတွင်း၏ တည်နေရာမှာ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၂ မိနစ် (၅၇၃သမ ၅၄၉၈ စက္ကန့်)၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် (၀၇ ဒသမ ၇၄၂၉ စက္ကန့်)တွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-12 ရှိ Yetagun Platform "A" တွင် Yetagun Phase 4 Infill Drilling Operations ရေနံတွင်းတူးဖော်ရေးလုပ်ငန်းများကို ရေနံတွင်းတူးစက် Teknik Berkat ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက်(Notice to Mariner's)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ ၄၊ အမှတ် ၄၇ ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၉

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ ၄ ၊ အမှတ် ၄၇ ၌ ကမ္ဘာ့ငွေကြေးပြဿနာ မြန်မာ့ဘဏ်လုပ်ငန်းများကို မထိခိုက်နိုင်၊ မီတာတပ်ဆင်ထားခြင်းမရှိသော တက္ကစီများကို သဘာဝဓာတ်ငွေ့ ထုတ်ပေးခြင်းမပြုတော့၊ ကြက်ငှက်တုပ်ကွေးရောဂါလျှင်မြန်စွာရှာဖွေနိုင်ရန် တိုးမြှင့်ဓာတ်ခွဲခန်းသစ်ဖွင့်၊ ကင်ဆာဖြစ်ပွားသူ လေဘေးသင့်ကလေးငယ်များ ရန်ကုန်ကလေးဆေးရုံတွင် ကုသမှုခံယူနေ၊ ပထမပုဂ္ဂလိကဘဏ်မှ ရှယ်ယာအသစ်များထုတ်ရောင်း၊ လာမည့်နှစ် အိန္ဒိယသို့ ပဲတန်ချိန်တစ်သန်း တင်ပို့ရမည်ဖြစ်ရာ သင့်တင့်သည့်နှုန်းထားတစ်ရပ် ရရှိရန်ကြိုးပမ်းမည်၊ ကြက်ဘဲဈေး ပြောင်းရွှေ့ဦးမည်မဟုတ် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ 'ကိုရီးယားနိုင်ငံ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်ပြီလား' ရှုမြင်သုံးသပ်ဆောင်းပါးဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ကိုကို(စက်မှုတက္ကသိုလ်) မြန်မာဘာသာပြန်ဆိုထားသော ဘားရတ်အိုဘားမား၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ 'အဖေ့ဆီက အိပ်မက်များ'၊ 'သမ္မတနဲ့ လူထုကြားမှာ ပျောက်ဆုံးနေတဲ့ယုံကြည်မှုကို ပြန်လည်တည်ဆောက်ချင်ပါတယ်' ရွေးကောက်တင်မြှောက်ခံရသော အမေရိကန်သမ္မတ အိုဘားမားနှင့် တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ကမ္ဘာကြီးနှင့် ဗန်ကောက်အဆက်ဖြတ်ပြီ၊ မွမ်ဘိုင်းမြို့ကို အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်တို့အား အိန္ဒိယအထူးကွန်မန်ဒိုတပ်ဖွဲ့က နှိမ်နင်း၊ ပြန်ပေးဆွဲထားသော ရေနံတင်သင်္ဘောအား လွတ်မြောက်ရန် စစ်ရေးအရ ကြိုးပမ်းလာလျှင် ပြန်လည်တိုက်ခိုက်မည်၊ နိုင်ငံရေးသမားဘဝခံယူခဲ့သော ရုပ်ရှင်မင်းသမီးအား ခင်ပွန်းသည်က ကွာရှင်းပြတ်စဲ၊ အင်ဒိုနီးရှားဆေးရုံတွင် ကုသမှုမပြုမီ ဆရာဝန်များ လာဘ်တောင်းခံခဲ့သဖြင့် ဗြိတိသျှအမျိုးသားတစ်ဦး သေဆုံးသွား၊ ခွေးတစ်ကောင်က 'ကွန်ဒုံး-ကွန်ဒုံး' ဟု အော်လိုက်သော ဖုန်းမြည်သံဖြင့် အိန္ဒိယတွင် ကွန်ဒုံးရောင်းအားမြင့် စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် မော်တော်ယာဉ်များသည် အရှိန်ပြင်း မောင်းနှင်မှုများကြောင့် ယာဉ်မတော်တဆမှု၊ တိမ်းမှောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်းတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မိုင်နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်း မပြုကြရန်နှင့် မောင်းနှင်ပါက အရှိန်နှုန်းတိုင်း ကိရိယာဖြင့် တိုင်းတာပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(၁) မြို့တွင်း ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ တစ်နာရီ မိုင်၂၀ (၃၂ကီလို)

(၂) မြို့တွင်း ကိုယ်ပိုင်ယာဉ်နှင့် အခြားယာဉ်များ တစ်နာရီ မိုင်၃၀ (၄၈ကီလို)

(၃) မြို့ပြင် ယာဉ်အားလုံး တစ်နာရီ မိုင်၆၀ (၉၆ကီလို)

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၁-၂၀၀၈
(တနင်္ဂနွေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ပဋ္ဌာန်းစွာသမုဗ္ဗာဒ်သစ္စာလေးပါး တရားတော်** (တစ်ဘဝသာသနာ ဆရာတော်အရှင်သောဘန)
၈:၀၀-၂:၀၀	Sunday Talk [ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉:၁၅-၃:၁၅	Soccer Update
၉:၃၀-၃:၃၀	ပြည်တွင်းသတင်းအကျဉ်း
၉:၄၅-၃:၄၅	ခေတ်မီဒီဇိုင်းစုံလင်စွာ မြိုင်ရတနာ
၁၀:၀၀-၄:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅-၄:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀-၄:၁၀	သီးနှံစိုက်ပျိုးအထွက်တိုး **ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း**
၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅	Euro Goals
၁၀:၄၅-၄:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	ဟူးကောင်းကျားများ တည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁၁:၁၅-၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀-၅:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅-၅:၂၅	**ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်** အကယ်ဒမီထွန်းထွန်းဝင်း၊ အကယ်ဒမီမေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင် [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁၁:၄၅-၅:၄၅	Activities in the City (ဆေးစိမ်ခြင်ထောင်နှင့် ရေသန့်ပိုက်)
၁၁:၅၅-၅:၅၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (အသစ်စက်စက် အစစ်သက်သက် စန္ဒရားလက်ရည်တက်ကလေးများ)
၁၂:၂၀-၆:၂၀	စားချင်စဖွယ် နည်းအသွယ်သွယ်
၁၂:၃၀-၆:၃၀	ခန့်ထည်လှပအစဉ် ကြေးဖောင်းကြွအသွင်
၁၂:၅၅-၆:၅၅	တေးဂီတအစီအစဉ်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	Man City-Man Utd	ESPN (Live)
၉:၂၅	Tottenham-Everton	Star Sports (Live)
၁၀:၂၅	Chelsea-Arsenal	ESPN (Live)
၁၁:၃၀	Portsmouth-Blackburn	Star Sports(SDD)

Series A ဘောလုံးပွဲစဉ်

နံနက်	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Roma-Fiorentina	5-Cartoons (Live)

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၃၀	Histon-Leeds	Star Sports (Live)





ကျေးဇူးဆပ်ပါမည်

၂၈-၉-၂၀၀၈ ရက်က အောင်ရတနာ ဆေးခန်းတွင် အလျား ၈လက်မ၊ အနံ ၅ လက်မ၊ အမြင့် ၂လက်မရှိ မြွေအရေခွံဖြင့်ချုပ်ထားသော ပိုက်ဆံအိတ်တစ်လုံး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။ **ဆက်သွယ်ရန်-**

ဖုန်း-၀၉-၅၁-၅၆၄၃၆၊ ၀၉-၈၆-၅၀၃၃၂၊ ၅၄၆၂၂၄၊ ၅၅၅၃၈၉။

ကျေးဇူးဆပ်ပါမည်

၂၉-၁၁-၂၀၀၈ရက် နေ့လယ်အချိန်အတွင်း အငှားကားပေါ်၌ ခရီးဆောင်ကွန်ပျူတာ ကျန်ခဲ့ပါသဖြင့် လက်ဝယ်ရရှိသူမှ အောက်ဖော်ပြပါ ဖုန်းများသို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

မမြင့်သန္တာထွန်း ဖုန်း-၀၉-၉၉-၂၃၆၆၈၊ မဇင်မာထွန်း ဖုန်း-၀၉-၉၉-၇၂၃၈၆၊ ရုံးဖုန်း-၀၁-၂၂၁၁၃၄၊၀၁-၂၁၆၄၆၆။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်ပခ/၁၆၁၅၆လက်ဝယ်ရှိသူ ဦးအုန်းကျော် ၇/ရတန(နိုင်) ၀၁၁၁၆၄ က (ကမ-၃)ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တောင်ငူ)။**

မီးသတိပြု

Air Bagan Open Golf Championships
ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ ဒုတိယပွဲစဉ်အဖြစ် Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ Pyin Oo Lwin Golf Club ၌ ဆက်လက်ကျင်းပသည်။

သုံးရက်ပေါင်း

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ မင်းနိုင် (Srixon)က သုံးရက်ပေါင်း ရိုက်ချက် ၂၁၅ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ **(အောက်ပုံ)**

ရိုက်ချက်

ဇော်ဇော်လတ်(Srixon)က သုံးရက်ပေါင်း ရိုက်ချက် ၂၁၆ချက်ဖြင့် ဒုတိယ၊ သိန်းဇော်မြင့် (KM Golf Centre)က သုံးရက်ပေါင်းရိုက်ချက် ၂၁၈ချက်ဖြင့် တတိယ၊ ဇော်ဇင်ဝင်း (Srixon)က သုံးရက်ပေါင်းရိုက်ချက် ၂၂၂ ချက်ဖြင့် စတုတ္ထနှင့် ကျော်သီဟ (KM Golf Centre) က သုံးရက်ပေါင်းရိုက်ချက် ၂၂၂ချက်ဖြင့် ပဉ္စမလိုက်နေကြသည်။

ဦးဆောင်နေ

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း (သစ်တော)က သုံးရက်ပေါင်း ရိုက်ချက်၂၁၇ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ **(သတင်းစဉ်)**

အလက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

အလက(၁)တာမွေတွင် ၁၉၅၈ ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ပညာသင်ကြား ပို့ချခဲ့ကြသော အသက်(၆၀)ပြည့်ပြီး အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၈ရက် နံနက် ၁၀ နာရီတွင် ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၇ရက် မွန်းလွဲ၁နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူ ကျောင်းသားဟောင်းများ ညှိနှိုင်းအစည်း အဝေးနှင့် မြတ်ဆရာပူဇော်ပွဲသို့ မပျက် မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးတင့် ဖုန်း-၅၅၄၁၇၅၊ ဆရာမ ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၅၅၄၁၇၅၊ ဦးထွေးစံဖြူ ဖုန်း-၀၉-၅၁-၆၂၀၃၈၊ ဦးသိန်းနိုင် ဖုန်း-၅၅၅၁၇၇၊ ကိုဝင်းနိုင် ဖုန်း-၀၉-၈၇-၀၁၂၇၇၊ ဒေါ်တင်မမနိုင် ဖုန်း-၅၅၄၁၇၅၊ ဦးသီရိမောင်မောင် ဖုန်း-၀၉-၅၁-၈၉၄၉၀နှင့် ကိုအောင်မျိုးကျော် ဖုန်း-၅၅၂၂၀၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုဝင်ဘာ ၂၉ရက်က တာမွေမြို့နယ် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ဆဋ္ဌမတန်းမှ ပထမဆုရ ကျောင်းသူ မမွှေးမွှေးသူအား ကျောင်းအကျိုးတော်ဆောင် ဦးမောင်မောင်အေးက ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရန်ကုန်တိုင်း ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ခရမ်းမြို့ စနေလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ၁၆ရက်က ခရမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးလှသောင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မြင့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကံမမြို့နယ် ကျောင်းပေါင်းစုံ အာစရိယပူဇော်မည်

ကံမ နိုဝင်ဘာ ၂၉

သရက်ခရိုင် ကံမမြို့နယ် ကျောင်းသား ကျောင်းသူဟောင်းများနှင့် ကံမမြို့နယ်အသင်း(ရန်ကုန်)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအားလုံးမှ အသက် ၆၅နှစ်နှင့်အထက် အငြိမ်းစားဆရာ ဆရာမ၁၁၀တို့အား အာစရိယပူဇော်ပွဲကို ကံမအထက မြဝတီခန်းမ၌ ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ကျင်းပရန် စီစဉ်ထားသည်။

ကန်တော့ခံဆရာ ဆရာမများအနေဖြင့် ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ ကြွရောက်ကြရန်နှင့် ရပ်ဝေးမှ ကြိုတင်ရောက်ရှိကြမည့် ကန်တော့ခံ ဆရာ ဆရာမများအတွက် တည်းခိုနေထိုင်စားသောက်ရေးစီစဉ်ထားပြီး မိမိတို့၏ လိပ်စာအပြည့်အစုံကို ဦးဇော်မိုးလွင် ဖုန်း-၀၉-၅၃-၄၀၅၀၆နှင့် ဦးဝင်းနိုင် ဖုန်း-၀၆၈-၂၁၄၂၅ တို့သို့ ကြိုတင်ပေးပို့ကြရန် အကြောင်းကြားထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အခမ်းအနားတွင် ကံမမြို့နယ်အသင်း(ရန်ကုန်)က ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်မည်ဖြစ်ရာ လှူဒါန်းလိုသူများနှင့် လိုက်ပါလိုသူများသည် ဦးအောင်တိုး ဖုန်း-၀၉-၅၀-၆၆၃၈၉၊ ဦးစိုးငြိမ်း ဖုန်း-၀၉-၅၁-၈၇၂၁၉၊ ဦးသိန်းတန် ဖုန်း-၅၀၄၉၁၀၊ ဦးအေးလွင် ဖုန်း-၅၂၆၆၃၈၊ ဦးခင်ဇော် ဖုန်း-၀၉-၅၀-၇၃၇၆၄နှင့် ဦးညွန့်နိုင် ဖုန်း-၇၂၆၃၆၃ တို့သို့ ကြိုတင်ဆက်သွယ်လှူဒါန်းစာရင်းပေးနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်အဖွဲ့ ရန်ပုံငွေဖြင့် အကျယ် ၁၆ပေ၊ အရှည်ပေ ၂၇၀၀ လမ်းမတော် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်စိုးတို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (၁၅၂)

သာစည်မြို့၌ ကတ္တရာလမ်းခင်း

သာစည် နိုဝင်ဘာ ၂၂

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးသည် အမှတ်(၄)ရပ်ကွက်အတွင်းရှိ ၂၄၊ ၂၅လမ်းကို ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၇ရက်က ကွင်းဆင်းကြည့်ရှုရာ လမ်းတာဝန်ခံ အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်ကြည်ကြည်စိန်က လုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ (၀၉၄)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း

ကျောက်ဆည် နိုဝင်ဘာ ၂၅

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာကြည့်တိုက်ပညာ (ဆင့်ပွား) သင်တန်း (၁/၂၀၀၈) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၆ရက် ညနေ ၃နာရီက ကျောက်ဆည်မြို့နယ် ရဲဘော်လေးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေ အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရ မချောအိခိုင်၊ ဒုတိယဆုရ မောင်ကျော်သူနှင့်တတိယဆုရ မမြသက်ခိုင်တို့အား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါ စာကြည့်တိုက်ပညာ(ဆင့်ပွား) သင်တန်း (၁/၂၀၀၈)သို့ သပြေဝန်း၊ ရဲဘော်ကြီး၊ ရဲဘော်လေး၊ဗလီကွင်း၊ သာစည်လေး၊ ရွှေဓား၊ အနောက်ရေဖြား ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၅၀တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

သပိတ်ကျင်းမြို့ သာယာလှပရေး လုပ်ငန်းဆောင်ရွက်

သပိတ်ကျင်း နိုဝင်ဘာ ၂၀

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ ပျိုးထောင်ထားမှု အခြေအနေကို အောက်တိုဘာ၂၉ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လွင်တို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်

ဖျာပုံခရိုင် ဖျာပုံမြို့နယ် ရပ်ကွက်/ကျေးရွာများ မီးဘေးကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် နိုဝင်ဘာ၂၄ရက်က (၆)ရပ်ကွက်အတွင်းရှိ မီးသတ်ရေကန်အား မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် ရေဖြည့်တင်းမှု အခြေအနေကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ထင်၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်နှင့် (၆)ရပ်ကွက်ဥက္ကဋ္ဌတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၅၅)

ပိန်းဇလုတ် အထက ကျောင်းသားဟောင်းများ အာစရိယဂုဏာပူဇာသဘင်ကျင်းပ

ပိန်းဇလုတ် နိုဝင်ဘာ ၂၅

ညောင်လေးပင်မြို့နယ် ပိန်းဇလုတ်မြို့လုံးကျွတ် အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယဂုဏာပူဇာသဘင်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၂ရက် မွန်းလွဲ ၂နာရီက ပိန်းဇလုတ် အထက စစ်တောင်းခန်းမ၌ကျင်းပရာ ဆရာကြီး၊ ဆရာမကြီး ၃၅ဦး တက်ရောက်အပူဇော်ခံကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် ဆရာကြီး ဦးအေးမောင်၊ ဆရာမကြီး ဒေါ်နော်မမကြည်၊ ဆရာမကြီး ဒေါ်အေးအေးမြင့်တို့က ဆုံးမဩဝါဒအမှာစကားပြောကြားပြီး အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးချစ်သန်း၊ ရပ်ဝေးတပည့်များ၏ကိုယ်စား သာသနာရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းလွင်နှင့် တပည့်များက ဆရာကြီး ဆရာမကြီးများအား လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေစုစုပေါင်းငွေကျပ် ၁၈၉၈၀၀၀ ပေးအပ်လှူဒါန်းကြသည်။ (၀၆၅)

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ဝင်လမ်း မီးရထားခုံးတက်၊ ခုံးဆင်း ကတ္တရာလမ်းပြုပြင်ခြင်းကို အမှုဆောင်အရာရှိ ဦးတင်ဦးလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

စတုတ္ထနှစ် ကာလတိုငါးနှစ်စီမံကိန်း ၂၀၀၉-၂၀၁၀ စီမံကိန်းအဆိုပြုချက်ညှိနှိုင်းစည်းဝေး

ပြင်ဦးလွင် နိုဝင်ဘာ ၂၈

ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ စတုတ္ထနှစ် ကာလတို ငါးနှစ် စီမံကိန်း၏ စတုတ္ထနှစ် ဖြစ်သော ၂၀၀၉-၂၀၁၀ခုနှစ်အတွက် နှစ်စဉ်စီမံကိန်း ရည်မှန်းရန် အဆိုပြုချက်များ ညှိနှိုင်းရေးဆွဲရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ၁၀ရက် နံနက် ၁၀နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်က အဖွင့်အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများအနေဖြင့် စတုတ္ထနှစ်ကာလတိုငါးနှစ်စီမံကိန်း၏ တတိယနှစ် ဖြစ်သော ၂၀၀၈-၂၀၀၉ခုနှစ် အတွက် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များကို ပြည့်မီအောင် ကြိုးပမ်း ဆောင်ရွက်ရန်နှင့် စတုတ္ထနှစ်ကာလတိုငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ် ဖြစ်သော ၂၀၀၉-၂၀၁၀ခုနှစ် အတွက် နှစ်စဉ်စီမံကိန်း ရည်မှန်းရန် အဆိုပြုချက်များကို ညှိနှိုင်းရေးဆွဲတင်ပြရန် ခရိုင်အတွင်းရေးမှူး ဦးအောင်သီထွန်းက ဆွေးနွေးခဲ့ကြောင်းသိရသည်။ (ခရိုင်ပြန်/ဆက်)

အမျိုးသားနေ့ အခမ်းအနား ကလေးအထက၌ကျင်းပ

ကလေး နိုဝင်ဘာ ၂၅

၂၀၀၈ခုနှစ်(၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ၂၂ရက် နံနက် ၈ နာရီက ကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းသီဆို၍ အခမ်းအနား ဖွင့်လှစ်ကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းခိုင်က ဖတ်ကြားသည်။

ဆက်လက်၍ အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရ ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဒလမြို့နယ် တံတားချောင်းစံပြကျေးရွာ၌ စာကြည့်တိုက်ဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၉

ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ နိုဝင်ဘာ၂၅ရက် နံနက် ၁၀နာရီက တံတားချောင်းစံပြကျေးရွာ၌ ပညာရတနာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာမြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်မြင့်ဦးတို့ကစာကြည့်တိုက်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ဆွေးနွေးသည်။

ထို့နောက် စာပေအလှူရှင်ငါးဦးတို့က သုတ၊ ရသစာအုပ်မျိုးစုံ၁၅၀ကို လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက လက်ခံသည်။ **(မြို့နယ် ပြန်/ဆက်)**

မြစ်ကြီးနားမြို့၌ မီးငြိမ်းသတ်မှုစွမ်းရည် သရုပ်ပြသမှု တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း တက်ရောက်အားပေး

မြစ်ကြီးနား နိုဝင်ဘာ ၂၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်မှုစွမ်းရည် သရုပ်ပြသမှုကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက ပြည်နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြောကြား

ပထမဦးစွာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းက အမှာစကား ပြောကြားသည်။

ချီးမြှင့်

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်မှုစွမ်းရည်များကို သရုပ်ပြသရာ တိုင်းမှူးက မီးသတ်တပ်ဖွဲ့ဝင်များအား ဆုငွေကျပ်နှစ်သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မိုးစပါး ဆင်းသုခစပါးမျိုး စံကွက်ရိတ်သိမ်း တစ်ဧကစံကွက်အထွက်နှုန်း ၁၀၃ ဒသမ ၂၆ တင်းထွက်ရှိ

ရေတာရှည် နိုဝင်ဘာ ၂၅

ပဲခူးတိုင်း မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းသည် တောင်ငူခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးပွင့်သူအောင် လိုက်ပါလျက် နိုဝင်ဘာ ၂၀ ရက် နံနက်က ရေတာရှည်မြို့နယ် မြေစာရင်းဦးစီးဌာနသို့ရောက်ရှိပြီး မြို့နယ်မြေစာရင်းဦးစီးမှူး၊ ဒုတိယဦးစီးမှူး၊ လက်ထောက်ဦးစီးမှူးများနှင့် မြေတိုင်းစာရေးများအား တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဖြည့်စွက်မှာကြား

တိုင်းဦးစီးမှူးနှင့်အဖွဲ့အား မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဟန်ငြိမ်းက မြို့နယ်၏ ၂၀၀၈ခုနှစ် မိုးစပါးစိုက်ဧက ရိတ်သိမ်းပြီးစီးမှုနှင့် စံကွက်ရိတ်သိမ်းပြီးစီးမှု၊ တစ်ဧကအထွက်နှုန်းနှင့် ဆောင်းသီးနှံများ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဦးစီးမှူးနှင့်အဖွဲ့သည် ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းမောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးတင်ဝင်းနှင့် မြို့နယ်စိုက်/ညှိ အဖွဲ့ဝင်များနှင့်အတူ ညောင်ပင်သာကျေးရွာအုပ်စု ကွင်းအမှတ် (၆၅၈) ဦးပိုင်အမှတ် (၁၀၈/၂) လယ်သမားကြီး ဦးဝင်းစိုး၏ မိုးစပါးဆင်းသုခစပါးမျိုး စံကွက်ရိတ်သိမ်းမှုကို ကြည့်ရှုစစ်ဆေးရာ မြေစာရင်းဦးစီးဌာနဒုတိယဦးစီးမှူး ဦးအောင်ချိန်လှိုင်နှင့် ဝန်ထမ်းများက စနစ်တကျရိတ်သိမ်းပြသရာ တစ်ဧကစံကွက် အထွက်နှုန်း ၁၀၃ ဒသမ ၂၆ တင်း ထွက်ရှိကြောင်း သိရသည်။ **(စိုက်ပျိုးရေး)**

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးဗိုလ်မင်းတို့ အောက်တိုဘာ ၂၅ ရက်က ညောင်ပိုင်းကျေးရွာလမ်း မြေနီကျောက်စရစ်ခင်းမှုကို ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပင်လုံမြို့မဈေး၌ အလေးတင်းတောင်း မှန်ကန်ရေးဆောင်ရွက်

လွိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဂျော့(ချ်) မျိုးမြင့်နှင့် ပင်လုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးသောင်းထွန်းဇော်တို့ နိုဝင်ဘာ ၂၂ ရက်က ပင်လုံမြို့ မြို့မဈေးအတွင်း အလေးချိန်ခွင်၊ တင်း၊ တောင်းများ မှန်ကန်မှုရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက်က ကွမ်းလုံမြို့တွင်း ပြည်ထောင်စုလမ်းမကြီးဘေးဝဲယာ တစ်လျှောက် ပန်းအလှပင်များစိုက်ပျိုးခြင်း၊ ပန်းပေါင်များအတွင်း မြေဆွ၊ မြေဩဇာ ပက်ဖျန်းခြင်း၊ ပေါင်းသင်ခြင်းလုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမျိုးဇော်ထွန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဒဂုံမြို့နယ် အလက(၂) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

ဒဂုံ အလက(၂) (ယခင် မင်းမနိုင်အစိုးရအလယ်တန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ပင်စင်ယူခဲ့ကြသည့် ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများအား ကျောင်းသားဟောင်းများက (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၂၈ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် အလက(၂)ဒဂုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသားကျောင်းသူဟောင်းများ အလှူငွေထည့်ဝင်လိုသူများ ကျောင်းအုပ်ဆရာမကြီး ဖုန်း-၃၇၉၁၇၈၊ ကိုနိုင်ဦး(မိဘရိပ်) ဖုန်း-၀၉-၅၅-၅၁၅၅၅၊ ၀၉-၈၆-၁၂၃၄၅၊ ၅၉၀၅၉၀၊ ဒေါ်စန်းစန်းဝေ ဖုန်း-၅၁၉၂၇၄၊ ဒေါ်ခင်စုစုကြည် ဖုန်း-၀၉-၅၀-၆၃၉၈၉၊ ဒေါ်ခင်အေးမူ ဖုန်း-၃၇၄၁၂၃၊ ကိုသန်းဝင်း ဖုန်း-၀၉-၅၁-၉၇၇၈၂၁၊ ဒေါက်တာ အောင်မင်းသူ ဖုန်း-၀၉-၉၉-၂၈၉၉၃၊ ဗိုလ်စစ်နိုင်ဦး ဖုန်း-၀၉-၅၁-၇၆၈၂၉၁၊ ကိုတင်အေး ဖုန်း-၃၉၅၁၈၇၊ ကိုလင်းလင်း ဖုန်း-၀၉-၅၀-၃၅၂၆၉နှင့် ကိုခင်မောင်သန်း ဖုန်း-၀၉-၈၀-၃၂၅၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြို့နယ် သတင်းများ

ကျောက်ကြီးမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း

ကျောက်ကြီး နိုဝင်ဘာ ၂၅

တောင်ငူခရိုင် မြေစာရင်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျောက်ကြီးမြို့နယ်မြေစာရင်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ၂၀၀၈ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၀ရက် နံနက် ၉နာရီက ကျောက်ကြီးမြို့နယ် နတ်သံကွင်းကျေးရွာအုပ်စု ကွင်းအမှတ်(၆၃/၈) ဦးပိုင်အမှတ်(၄၂/၁)ရှိ လယ်သမားကြီး ဦးမောင်ဘိ၏ မနောသုခ စပါးစိုက်ဧက တစ်ဧက၌ ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းရာသို့ တောင်ငူခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးပွင့်သူအောင်၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမြင့်ဝေနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်စု ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လယ်သမားကြီးများ တက်ရောက်ကြည့်ရှုကြပြီး လယ်သမားကြီး ဦးမောင်ဘိ၏ မနောသုခ စံကွက်ကို ရိတ်သိမ်းကြရာ တစ်ဧကပျမ်းမျှ ၇၈ဒသမ၈၈ တင်း ထွက်ရှိသည်။

ဆွေးနွေး

စံကွက်ရိတ်သိမ်းအပြီးတွင် တောင်ငူခရိုင် မြေစာရင်းဦးစီးမှူး ဦးပွင့်သူအောင်က စပါးတစ်ဧကအထွက်နှုန်း မှန်ကန်ရေး၊ စံကွက်ရိတ်သိမ်းခြင်း နည်းလမ်းများကို ကျေးရွာ အုပ်စုအဖွဲ့ဝင်များ လယ်သမားကြီးများအား တွေ့ဆုံပညာပေး ဆွေးနွေးကြောင်း သိရသည်။ **(ခရိုင်မြေစာရင်း)**

ဈေးရောင်းချမှုစစ်ဆေး

ကျိုက်လတ်မြို့ မြို့မဈေးကြီးအတွင်း မယ်လမင်းပါဝင်သော နို့မှုန့်များရောင်းချမှု ရှိမရှိနှင့် ရောင်းချမှု မရှိစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင် ဦးဆောင်သောအဖွဲ့ စစ်ဆေးဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပင်းတောက်ကျေးရွာသွား မြေသားလမ်းဖောက်လုပ်နေခြင်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအေးဆွေ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပြန်/ဆက်လုပ်ငန်း အောင်မြင်ရေး ထန်တလန်၌ ဆွေးနွေး

ဖလမ်း နိုဝင်ဘာ ၂၂

ချင်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်အေးညွန့်နှင့် ဖလမ်းခရိုင် ဦးစီးအရာရှိ ဦးမန်းစိန်တို့သည် နိုဝင်ဘာ ၁၃ ရက် ညနေ လေးနာရီက ထန်တလန်မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ထန်တလန်မြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံကာ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများ တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီမြို့ ဆင်းရွှေလီ ၄ လမ်း ကတ္တရာခင်း

မြဝတီ နိုဝင်ဘာ ၂၂

မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဆင်းရွှေလီ(၄)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းရန်အတွက် ကျောက်များစုဆောင်းထားရှိမှုကို အောက်တိုဘာ ၂၂ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်း၊ လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးနှင့် အမှတ်(၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်သောင်းတို့ ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ်-၄၀၂/အေ၊ ဧရိယာ၀ဒသမ၀၉၂ဧကရှိ ၄လမ်း၊ အမှတ် ၄၀၂/အေဟု ခေါ်တွင်သည့် မြေနှင့်အိမ်ကို အမည်ပေါက်သူ ဦးစမ်းမောင် (ကွယ်လွန်)၏ သားသမီးများထံမှ ကျွန်ုပ်၏အမှုသည်က ၀ယ်ယူရန် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းအရောင်းအ၀ယ်ကို ကန့်ကွက်လိုပါက ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအ၀ယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

၀ယ်သူ၏ညွှန်ကြားချက်အရ-
ဦး၀င်းငွေ LL.B, D.B.L, D.M.L.
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၆၁၊(ပ)ထပ်၊ ကုန်သည်လမ်း၊ M.A.C Tower
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တရားမပုံစံအမှတ်-၇၄

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံးတော်၌
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၅၅ နှင့် ဆက်သွယ်သည်။
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ် -၂၀၈ နှင့် ဆက်သွယ်သည်။

ဦးအေးစန်း **နှင့်** ၁။ ဦးတင်မောင်
၂။ ဦးဘ၀င်း
၃။ ဦးဇော်မိုး(ကွယ်လွန်သူ ဦးချစ်တင်နှင့် ဒေါ်အေးကြိုင်တို့၏ တရား၀င် ကိုယ်စားလှယ်)

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ယခင် အမှတ် ၁၂၊ ပွဲစားတန်းလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်(ယခု နေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၂၅၅တွင် ကျရှိသည့် ဒီကရီကို အတည် ပြုလုပ်ရန် ဤရုံးတော်တွင် ဦးအေးစန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၈ခုနှစ် ဒီဇင်ဘာ၃ရက်(၁၃၇၀ပြည့်နှစ် နတ်တော်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၈ခုနှစ် နို၀င်ဘာ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်အေးသိန်း(တ/၁၇၂၄)
ဒုတိယခရိုင်တရားသူကြီး(၁)
အရှေ့ပိုင်းခရိုင်တရားရုံး၊
ရန်ကုန်မြို့။

ကိုးဘွဲ့ရ ယဉ်ကျေးလိမ္မာ ကလေးတရားစခန်းပွဲ

ကလေးများကျောင်းပိတ်ရက် ဒီဇင်ဘာ ၂၅ရက်မှစတင်၍ ငါးရက်တိုင်တိုင် ကျင်းပမည်။ ပဋ္ဌမတန်းမှ တက္ကသိုလ်၀င်တန်းအထိ ကျောင်းသားကျောင်းသူ ၅၀၀ တိတိမျှသာ လက်ခံမည်။ ကိုးဘွဲ့ရဆရာတော်၊ စာရေးဆရာကြီး မင်းယု၀ေ၊ ဒေါက်တာခင်မောင်ညို၊ ဒေါက်တာနိုက်တင်ဂေးလ်၊ လယ်တွင်းသားစောချစ်၊ ရေနံ့သာမောင်ကျော်ညွန့်နှင့် စာပေပညာရှင်များက ဘာသာရေးအခြေခံ မိဘမေတ္တာ၊ ဘ၀အားမာန်နှင့်စာရိတ္တသတ္တိ၊ ကျန်းမာရေးနှင့် သတိပဋ္ဌာန် ၀ိပဿနာ ရှုမှတ်နည်းများကို သင်ကြားပေးမည်။ ဒီဇင်ဘာ ၁ရက်မှ ၇ရက်အတွင်း ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက် (၄၂)ရပ်ကွက် မြောက်ဒဂုံ(ရန်ကုန်) ဖုန်း-၀၉-၂၁-၃၀၈၉၅၊ ၀၉-၅၀-၅၅၁၇၆၊ ၀၉-၅၀-၅၅၈၃၈၊ ၀၁-၇၀၈၄၀၃၊ ဦးဇော်လင်းဦး(အောင်စည်းဖိမ်ကျောက်မျက်ကုမ္ပဏီမန်နေဂျာ) အိုးဘိုဓမ္မာရုံအနီး၊ ပုဇွန်တောင်၊ လိပ်ကန်လမ်း၊ ဖုန်း-၂၉၃၃၅၇ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြပါသည်။

(ကလေးများအတွက် ထမင်းတစ်နပ်လျှင် ငွေကျပ်သုံးသိန်းဖြင့် ထမင်း ၁၇နပ်စာကျွေးမွေးနိုင်ပါသည်။)

ကားမျိုးစုံငှားမည်

- Crown Van 90 model Diesel ၄က/...
- Super Sloon 87 model Petrol ၀/...

ခရီးစဉ် အမျိုးမျိုးအတွက် ကားမျိုးစုံအချိန်ပိုင်း၊ရက်ပိုင်း၊လချုပ်၊ နှစ်ချုပ် ငှားရန်ရှိသည်။ အကျိုးတူပူးပေါင်းလိုသော ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၅၁၄၄၄၉၊၀၉-၅၁-၇၂၂၅၆။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ဗိုလ်ရေအိုးစင်(ရွာမ)ရပ်ကွက်၊ ဗိုလ်ရေအိုးစင်လမ်း၊ အမှတ် ၆/၈၊ အခန်းအမှတ် **F(1)** မြေညီထပ်တိုက်ခန်းနှင့် စပ်လျဉ်း၍ တန်ဖိုးငွေပေးချေ လွှဲပြောင်း၀ယ်ယူထားသူ ဒေါက်တာဦးတင်အေး ၁၂/ဒဂန(နိုင်)၀၀၅၀၇၀ မသိရှိဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ စာချုပ်စာတမ်းချုပ်ဆိုခြင်းမပြုလုပ်ရန် တားမြစ်အပ်ပါသည်။

အဆိုပါတိုက်ခန်းအား ဆိုင်ရေးဆိုင်ခွင့်ရှိသူ ဒေါက်တာဦးတင်အေး၏ စာဖြင့် အတိအလင်း သဘောတူညီချက်မရှိဘဲ လွှဲပြောင်းခြင်း၊ စာချုပ်စာတမ်း ချုပ်ဆိုခြင်း ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဒေါက်တာဦးတင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းစန်းတင့်	**ဒေါ်ခင်သန့်သန့်စိုး**
LL.B, LL.M	**LL.B**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် ၆၂၊ မိုးမခလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မေလိခလမ်း၊ အမှတ်(၃စီ)ပေါ်ရှိ မြေကွက်သည် ၂၉-၁၀-၂၀၀၅ရက်တွင် ကွယ်လွန်ခဲ့သူဗိုလ်ကြီးကျော်မြင့် (ငြိမ်း)တစ်ဦးတည်း၏ အမည်ပေါက်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ကို ၎င်း၏ဇနီးဆိုသူ ဒေါ်ခင်ခင်ဆွေက ၎င်းပိုင်အဖြစ် မြွက်ဟကြေညာသဖြင့် ဗိုလ်ကြီးကျော်မြင့် (ငြိမ်း)၏ တူ၊ တူမများဖြစ်ကြသော ဒေါ်ခင်စန်းမြင့်ပါ ခုနစ်ဦးက ဒေါ်ခင်ခင်ဆွေအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး (၁၁)ရုံးတွင် တရားမကြီးမှုအမှတ်-၇၃၉/၁၆ဖြင့် အမှုစစ်ဆေးဆဲ ဖြစ်ပါသည်။ ဒေါ်ခင်ခင်ဆွေသည် ၂၉-၁၁-၂၀၀၇ရက်တွင် ကွယ်လွန်သွား၍ ၎င်း၏မွေးစားသမီးဆိုသူ ဒေါ်မဦးကြည်ကို တရား၀င်ကိုယ်စားလှယ်အဖြစ် ထည့်သွင်း၍ အမှုကိုဆက်လက်စစ်ဆေးလျက်ရှိပါသည်။ သို့ပါ၍ တရားရုံးက စီရင်ချက်ဒီကရီ မချမှတ်မီအတွင်း အဆိုပါမြေကွက်နှင့် စပ်လျဉ်းသမျှ လွှဲပြောင်းရောင်းချခြင်း၊ အခြားတစ်နည်းနည်းလွှဲပြောင်းခြင်း၊ အမည်ပြောင်းခြင်း၊ ပေါင်နှံခြင်း အစရှိသည်များကို မပြုလုပ်ပါရန်နှင့် ယင်းသို့ပြုလုပ်ခြင်းကို လက်ခံဆောင်ရွက်ပေးခြင်းများမပြုရန်တားမြစ်ကြောင်း ကြေညာပါသည်။ ဤကြေညာချက်ပါအတိုင်း မလိုက်နာပါက လိုအပ်သည့်အရေးယူမှုများပြုလုပ်မည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးခင်မောင်ညွန့်(၆၂၄၉)
B.A.R.L (B.J.S Rtdi)
တရားရုံးချုပ်ရှေ့နေ
အခန်း ဒီ-၁၀/၁၁၊ ၅၀၊ ဘဏ်လမ်း၊ ရန်ကုန်မြို့။

ကားရောင်းမည်

Willy Jeep (ခေါင်းမြင့်-လေလံ)
နေ့စဉ်၀င်ငွေရ၊ **RJ** လိုင်းကား
(ကားသန့်)
ဖုန်း-၀၉-၈၀-၂၁၇၀၈၊ ၅၄၃၇၀၃။

မူးယစ်ကင်းစင် အလုဆင်

ဈေးဆိုင်များရောင်းချမှု စစ်ဆေး

မယ်လမင်းပါ၀င်သော နို့မှုန့်များရောင်းချမှုမရှိစေရေးအတွက် နို၀င်ဘာ ၆ရက်က လှည်းကူးမြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်များနှင့် လမ်းဘေး အိမ်ဆိုင်၊ စတိုးဆိုင်များအား လှည်းကူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဦးတင်မြအေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်တင်တင်ကြိုင်တို့ ကွင်းဆင်းကြီးကြပ် စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မအူပင်မြို့နယ် ရေလဲကလေး အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နို၀င်ဘာ ၂၉

မအူပင်မြို့နယ် ရေလဲကလေးအထက၏ (၁၉၅၈-၂၀၀၈)ခု နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ပွဲတော်နှင့် အာစရိယ ပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် အဆိုပါ ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အာစရိယပူဇော်ပွဲအတွက် အလှူငွေများ လှူဒါန်းလိုပါက ဦးထွန်းမြင့်(ရန်ကုန်) ဖုန်း-၀၁-၆၃၈၂၃၁၊ ဦးရန်၀င်း (အေ၀မ်းကုမ္ပဏီ)ဖုန်း-၀၁-၂၄၅၃၂၃၊ ဦးမောင်မြင့် (ရန်ကုန်) ဖုန်း-၀၁-၆၃၈၄၅၄၊ ဦးရွှေထွန်း (မအူပင်) ဖုန်း-၀၉-၈၅-၈၅၅၈၇၊ ဦးရဲမြင့် ဖုန်း-၀၄၅-၂၁၀၂၂၊ ဦးကြည်ထွန်း ဖုန်း-၀၉-၈၅-၈၅၉၅၂၊ ဦးအောင်မြတ်ကို ဖုန်း-၀၉-၈၅-၈၅၈၇၁၊ ဦးမြင့်သိန်း ဖုန်း-၀၉-၈၅-၈၅၄၉၀၊ ဦးကြည်၀င်းလေး ဖုန်း-၀၉-၈၅-၈၅၉၉၇၊ ဦးမောင်ချို ဖုန်း-၀၉-၈၅-၈၅၈၄၂၊ ဦးစိုးမြင့် ဖုန်း-၀၉-၈၅-၈၆၆၄၇၊ ဦးတင်ထွေး ဖုန်း-၀၉-၈၅-၈၆၆၁၂၊ မပြုံး(ခ)မလှလှစန်း ဖုန်း-၀၉-၈၅-၈၅၁၉၁၊ ဦးစိန်လှိုင် ဖုန်း-၀၉-၈၅-၈၆၂၈၁၊ ဦးကျော်၀ဏ္ဏ ဖုန်း-၀၉-၈၅-၈၅၁၈၆၊ ဦးတင်ထွန်း ဖုန်း-၀၉-၈၅-၈၅၉၇၃၊ ဦးလှမြင့် ဖုန်း-၀၉-၈၅-၈၅၉၄၇၊ ဒေါ်မေလေး ဖုန်း-၀၉-၈၅-၈၅၆၂၁နှင့် မမြင့်အေး ဖုန်း-၀၉-၈၅-၈၆၁၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စက်ရေတွင်း ပြင်ဆင်

ကျေးလက်စက်ရေတွင်းများ အစဉ်ကောင်းမွန်စေရေးအတွက် တဲကြီးကုန်းကျေးရွာ စက်ရေတွင်းပြင်ဆင်နေမှုကို မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် တာ၀န်ခံအင်ဂျင်နီယာမှူး ဦး၀င်းမြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ လှိုင်ကော်၌ကျင်းပ

လှိုင်ကော် နို၀င်ဘာ ၂၈

၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ကယားပြည်နယ် လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ နို၀င်ဘာ ၁၁ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦး၀င်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်ညွန့်က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)ဥက္ကဋ္ဌထံမှ ပေးပို့သော စာဆိုတော်နေ့ သ၀ဏ်လွှာကိုဖတ်ကြားပြီး လှထွန်း(တံ့တေး)က စာပေနှင့်စာနယ်ဇင်းဆိုင်ရာ ဖွဲ့စည်းမှု အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဟောပြော

ထို့နောက် စာရေးဆရာကြီးများဖြစ်ကြသော ဦးမျိုးသန့်(မောင်ဆုရှင်)က အညတရဒေ၀ါခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာဟိန်းလတ်က အသိနှင့်ပညာခေါင်းစဉ်ဖြင့် လည်းကောင်း၊ လှထွန်း(တံ့တေး)က တကယ်ဖြစ်ချင်ရင် တကယ်လုပ် အဟုတ်ဖြစ်ရမယ် ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့၀င်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများက ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု ဓာတ်ပုံမှတ်တမ်းများ၊ ပြပွဲနှင့်စာအုပ်ပြပွဲတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း(ဗဟို)စာပေနှင့် စာနယ်ဇင်းအဖွဲ့၀င် ဦးမျိုးသန့်(မောင်ဆုရှင်)နှင့်အဖွဲ့သည် နို၀င်ဘာ ၁၂ရက် ည ၇နာရီက လှိုင်ကော်မြို့လယ် ဓမ္မာရုံကြီး၌ ကယားပြည်နယ်အတွင်းရှိ စာပေ၀ါသနာရှင်စာရေးသူများနှင့် တွေ့ဆုံကာ ရေးသူဖတ်သူဆွေးနွေးပွဲသို့ လည်းကောင်း တက်ရောက်၍ ပညာပေး ဟောပြောကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သာစည်မြို့၌ ပန်းအလှပင်များ ပျိုးထောင်စိုက်ပျိုး

သာစည် နို၀င်ဘာ ၂၂

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပစေရေးအတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဖွဲ့ပိုင် ပျိုးဥယျာဉ်အမှတ်(၁)တွင် ၁၂ လရာသီလုံး အပွင့်များ ပွင့်ဖူးနေစေရေးအတွက် အရိပ်ရပင်၊ ပန်းအလှပင်များ ပျိုးထောင်စိုက်ပျိုးခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ပျိုးပင်များထုပ်ခြင်းကို ဦးစီးအရာရှိဦးစန်းလွင်နှင့် အဖွဲ့၀န်ထမ်းများ ဆောင်ရွက်ရာသို့ နို၀င်ဘာ ၈ ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မှုခင်းသတင်း
မြင်းလှည်းနှင့်ဆိုင်ကယ်တိုက်မိရာမှ မြင်းနှင့်လူသေဆုံးသည့်ဖြစ်ရပ် မိတ္ထီလာ၌ဖြစ်ပွား

မိတ္ထီလာ နို၀င်ဘာ ၂၆

အောက်တိုဘာ ၂၈ရက်ည၈နာရီက မိတ္ထီလာခရိုင် ၀မ်းတွင်းမြို့ လျှော်ပင်ကျေးရွာဈေးအနီး၌ ဆိုင်ကယ်နှင့်မြင်းလှည်းတိုက်မိရာမှ မြင်းနှင့်လူသေဆုံးမှု ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ မိတ္ထီလာခရိုင် ၀မ်းတွင်းမြို့ လျှော်ပင်ကျေးရွာဈေးအနီး ရန်ကုန်-မန္တလေး ကားလမ်းမိုင်တိုင်အမှတ်၃၅၄/၂ အနီးတွင် တောင်ဇရပ်ကုန်းကျေးရွာနေ မျိုးနိုင်ဦး (၂၅နှစ်)မောင်းနှင်သော မြင်းလှည်းအမှတ် မ/၃၁သည် ကားလမ်း၏အရှေ့မှ အနောက်သို့ ကားလမ်းမကြီးအား ဖြတ်သန်းမောင်းနှင်လာစဉ် တောင်မှမြောက်သို့ ရွာသစ်ရွာနေ ဇော်၀င်းထွဋ် (၁၆နှစ်)စီးလာသော လော့ဂျာအစိမ်းရောင် ဆိုင်ကယ် အမှတ် မတလ/၂၀၉၉ကဖြတ်၍ ၀င်ရောက်တိုက်မိရာ မြင်းမှာသေဆုံးသွားသည်။

သေဆုံးသွား

ဆိုင်ကယ်စီးသူ ဇော်၀င်းထွဋ်မှာ ၀ဲနားမှသွေးထွက်၊ မျက်ခုံး၊ နဖူးနှင့် နှာခေါင်းမှ သွေးထွက်ဒဏ်ရာများရရှိသွားပြီး ဆိုင်ကယ်နောက်မှစီးသူ ရွာသစ်ရွာသား ဇေယျာ၀င်း (၂၂နှစ်)ဆိုသူမှာ ရင်ဘတ်တွင် ပွန်းပဲ့ဒဏ်ရာများရရှိပြီး ၀ဲဘက်မျက်ခုံးဖူးရောင်၊ ၀ဲဘက်မျက်နှာနှင့် နားအောက်ပွန်းပဲ့ ဒဏ်ရာများရရှိသဖြင့် ရဲဆေးစာဖြင့် ၀မ်းတွင်း ဆေးရုံသို့တင်ပို့စဉ် ဆေးရုံ၌ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

ယာဉ်တိုက်မှုကို တာ၀န်မှူးဒုရဲအုပ်မိုးဇော်က တရားလိုပြုလုပ်၍ ယာဉ်မဆင်မခြင် ဆိုင်ကယ်စီးသူ ဇော်၀င်းထွဋ်နှင့် မြင်းလှည်းမောင်းသူ မျိုးနိုင်ဦးတို့အား ၀မ်းတွင်း ရဲစခန်းမှ ပုဒ်မ ၃၀၄(က)ဖြင့် ဖမ်းဆီးအရေးယူထားသည်။ **(၀၈၆)**

ပေါင်းတည်မြို့ ဈေး(၁)ရပ်ကွက် ဧလမ်းနေ ဒေါ်စန်းငွေအား အမှူးထားပြီး ကိုချစ်(ခ) ကိုအောင်သက်နိုင်-မတင်တင်မိသားစုက ဘိုးဘွားရိပ်သာ စေတနာ အခမဲ့ ဆေးကုခန်း ဆေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်း လှူဒါန်းရာ စေတနာ အခမဲ့ ဆေးကုခန်း စာရင်းစစ် ဦးကျော်ဇင်၊ ဦးငွေလွင်နှင့် အဖွဲ့၀င်များက လက်ခံယူစဉ်။ (၀၆၁)

အမျိုးသားစာပေဆုရ စာရေးဆရာများနှင့် တွေ့ဆုံခြင်း

“ကလေးငယ်တွေအတွက် ပညာရေး၊ အသိအလိမ္မာ မြင့်မားရေးတွေနဲ့ ပတ်သက်ပြီး ရေးဖွဲ့ထားတာပါ”
စာရေးဆရာမောင်မြင့်ထွန်း

“လူငယ်တွေ ကြိုးစား ကြစေချင်လို့ပါ”
စာရေးဆရာ ဆူးငှက်

ကလေးငယ်တွေ မှန်ကန်တဲ့အသိနဲ့ ကြီးပြင်းလာစေချင်လို့ပါ

ကလေးစာပေဆုရ မောင်မြင့်ထွန်း

ယနေ့လူငယ်တွေ ကြိုးစားကြစေချင်ပါတယ်

ဝတ္ထုရှည်ဆုရ ဆူးငှက်

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ ❖ ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်) ❖ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာ့စာပေလောက အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာ့စာပေပညာရှင်ကြီးများအား နှစ်စဉ်အမျိုးသားစာပေဆုများကို နိုင်ငံတော်က ရွေးချယ်ဆုချီးမြှင့်ပေးလျက်ရှိရာ ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေဆု ရွေးချယ်ခံရသူ စာရေးဆရာကြီးများနှင့် တွေ့ဆုံမေးမြန်းမှုများကို မြန်မာ့အလင်းသတင်းအဖွဲ့က ဆက်လက်ပြုလုပ်ခဲ့ပါသည်။

ရည်ရွယ်

‘မင်္ဂလာနံနက်ခင်းကလေးကဗျာများ’ စာအုပ်ဖြင့် အမျိုးသားစာပေဆု (ကလေးစာပေ)ရရှိခဲ့သည့် စာရေးဆရာ မောင်မြင့်ထွန်း (ဦးမြင့်ထွန်း) နှင့်တွေ့ဆုံမေးမြန်းခဲ့ရာ “ည ၈ နာရီ မြန်မာ့ရုပ်မြင်သံကြားသတင်းကြေညာမှ ဆုရမှန်းသိရတယ်။ ကျွန်တော့်ရဲ့ ပထမဆုံးကဗျာပေါင်းချုပ်စာအုပ်လည်းဖြစ်တာမို့ အံ့ဩဝမ်းသာရတာ ပြောမပြနိုင်အောင်ပါပဲ။ ဒီကဗျာစာအုပ်ကို ရေးခဲ့တာကလည်း ကလေးတွေစိတ်ပျော်ရွှင် ကြည်နူးစေရေး၊ အသိလိမ္မာနဲ့ ပညာတိုးပွားစေရေးနဲ့ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်တွေ ထက်သန်လာစေရေးဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ရေးဖွဲ့ခဲ့ခြင်းဖြစ်ပါတယ်”ဟု စာရေးဆရာ မောင်မြင့်ထွန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပြုစု

ယခု အမျိုးသားစာပေဆု ရရှိခဲ့သည့် **‘မင်္ဂလာနံနက်ခင်းကလေးကဗျာများ’** စာအုပ်၌ပါရှိသော ကဗျာများမှာ ဒို့ကျောင်းသား၊ တေဇရုပ်စုံ၊ ရွှေသွေးဂျာနယ်၊ မင်္ဂလာမောင်မယ်ရုပ်စုံ၊ ပန်းမျိုးတစ်ထောင်မဂ္ဂဇင်း၊ အလင်္ကာဝတ်ရည်ဂျာနယ်စသည့်

စာမျက်နှာ ၆ ကော်လံ ၁ ■

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ဒီဇင်ဘာ ၅ ရက်၌ စတင်ယှဉ်ပြိုင်မည်

မြန်မာအသင်း အင်ဒိုနီးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယားတို့နှင့် တစ်အုပ်စုတည်းကျ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၉

အာဆီယံဒေသတွင်း၏ အဆင့်မြင့်ဆုံးဘောလုံးပြိုင်ပွဲကြီးဖြစ်သည့် အာဆီယံဆူဇူကီးဖလားဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို ယခင်က တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ၊ အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲအမည်များဖြင့် ကျင်းပခဲ့ပြီး ယခုပြိုင်ပွဲကို ဆူဇူကီးကော်ပိုရေးရှင်းက စပွန်ဆာပေးသဖြင့် အာဆီယံဆူဇူကီးဖလားဘောလုံးပြိုင်ပွဲအမည်ဖြင့် ကျင်းပခြင်းဖြစ်သည်။

လေ့ကျင့်ပြင်ဆင်

အာဆီယံဆူဇူကီးဖလားဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းသည် ပဏာမကစားသမား ၃၀ ဖြင့် Grand Royal Challenge Cup ဘောလုံးပြိုင်ပွဲအပြီး နိုဝင်ဘာ ၂၄ ရက်မှစ၍ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ လက်ရွေးစင်လေးသင်း၊ ကလပ်တစ်သင်းနှင့် အိုလံပစ်တစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော တတိယအကြိမ်

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

ပဏာမမြန်မာ့လက်ရွေးစင်အသင်း အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ဤသို့ ပြင်းပြင်းထန်ထန်လေ့ကျင့်လျက်ရှိကြသည်။ (မြန်မာ့အလင်း)

ပြည်တွင်းပြည်ပဝင်ငွေရရှိနေသော ရခိုင်ပြည်နယ်မှ ဒေသခံတိုင်းရင်းသားတို့၏ ရောင်းတမ်းဝင် ပုစွန်မွေးမြူရေးလုပ်ငန်းများ

ရောင်းတမ်းဝင် အသင့်ထုပ်ပိုးပြီး ပုစွန်များကို ပြည်တွင်းပြည်ပသို့ ပို့ဆောင်ရန် ရေယာဉ်များပေါ်သို့ ဤသို့ လှည်းများဖြင့် သယ်ဆောင်ပေးပို့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည် - သတင်းထောက် စဥ့်ကူစိုးဝင်း
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

စစ်တွေ နိုဝင်ဘာ ၂၉ (ဖက်စ်)

မြန်မာ့အလင်းသတင်းအဖွဲ့သည် ကျောက်ဖြူခရိုင်နှင့် သံတွဲခရိုင်သို့ သွားရောက်လေ့လာရန် ခရီးထွက်ခဲ့ရာ ကျွန်းပတ်လေယာဉ်မှာ သောကြာနေ့တိုင်းရှိသဖြင့် ကျောက်ဖြူမြို့သို့ သောကြာနေ့ရောက်ပြီး ကျောက်ဖြူမှ သံတွဲသို့ မော်တော်ကားဖြင့်သွားကာ သံတွဲမှလေယာဉ်ဖြင့် စစ်တွေကို ပြန်မည်ဖြစ်သဖြင့် တစ်ပတ်အတွင်း နားချိန်ပင်မရ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို လိုက်လံလေ့လာခဲ့ကြသည်။

သွားရောက်လေ့လာ

ကျောက်ဖြူမြို့နယ်တွင် ငါးလုပ်ငန်းဦးစီးဌာန ရေငန်ပုစွန်သားဖောက်လုပ်ငန်းနှင့် ပုဂ္ဂလိကရေလုပ်ငန်းအဝယ်ဒိုင်များ၊ ပြည်ပနှင့်ပြည်တွင်း ပုစွန်များ ရောင်းချနေမှုလုပ်ငန်းများကို သွားရောက်လေ့လာခဲ့သည်။ ငါးလုပ်ငန်းဦးစီးဌာန

စာမျက်နှာ ၉ ကော်လံ ၁ ●